

# ပဋိပက္ခကိုသတိပြုနားလည်မှု

## မြန်မာနိုင်ငံရှိ ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးရေး အစီအစဉ်များအတွက် ညွှန်ကိန်းများ

Empowered lives.
Resilient nations.





## လေ့လာမှုအကြောင်း

ဤလမ်းညွှန်သည် မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးမှုအစီအစဉ်ရေးဆွဲဆောင်ရွက်မှုများတွင် ပဋိပက္ခကိုသတိပြုနားလည်မှု တိုးတက်စေရန်အတွက် အသိပညာမျှဝေခြင်း၊ စွမ်းရည်မြှင့်တင်ခြင်းနှင့် မူဝါဒဆိုင်ရာ လုပ်ဆောင်ချက်များမှတစ်ဆင့် ဆောင်ရွက်ပေးသည့် UNDP မြန်မာ၏ အစီအစဉ်အောက်မှ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ကိုရီးယားသမ္မတနိုင်ငံ (ROK) နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏ Saemaul Initiative Towards Sustainable and Inclusive New Communities (ISNC) စီမံချက်အောက်မှ ရန်ပုံငွေများ ပံ့ပိုးကူညီထားပါသည်။”

Technical partner: International Alert

တည်းဖြတ်သူ – ဂျေဆင်ဟောမန်း (Jason Hallman)

ဂရပ်ဖစ်ဒီဇိုင်း – ကာစတင်ဒေါင်းနီ (Kirsten Downie)၊ REVOTECH, မြန်မာ

ရုပ်ပုံများ – INK Strategy

ဤအစီရင်ခံစာတွင် ဖော်ပြထားသော အမြင်များသည် UNDP သို့မဟုတ် International Alert ၏ အမြင်များကို ကိုယ်စားပြုခြင်းမရှိပါ။

ထပ်မံသိလိုသည်များရှိပါက ဆက်သွယ်ရန်

UNDP အတွက်
Dilrukshi Fonseka
လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်
ကျွမ်းကျင်ပညာရှင်
ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ မြန်မာ
dilrukshi.fonseka@undp.org

International Alert အတွက်
Robert Barclay
ဌာနေညွှန်ကြားရေးမှူး
International Alert, မြန်မာ
RBarclay@international–alert.org

Copyright © 2017 UNDP Myanmar. All Rights Reserved.

# ပဋိပက္ခကိုသတိပြုနားလည်မှု


## မြန်မာနိုင်ငံရှိ ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးရေး အစီအစဉ်များအတွက် ညွှန်ကိန်းများ

*Empowered lives.*
*Resilient nations.*



## အပိုင်း ၁

# ပဋိပက္ခကိုသတိပြုနားလည်မှုဆိုင်ရာ ညွှန်ကိန်းများ ပြုစုခြင်း လမ်းညွှန်



## နိဒါန်း

ဤလမ်းညွှန်အား မြန်မာနိုင်ငံတွင် ဒေသန္တရနှင့် ရပ်ရွာဖွံ့ဖြိုးရေးစီမံချက်များ သို့မဟုတ် အစီအစဉ်များကို အတည်ပြုပေးရသော၊ ဒီဇိုင်းပုံစံရေးဆွဲသော၊ အကောင်အထည်ဖော်သော သို့မဟုတ် စောင့်ကြည့်လေ့လာသော အဖွဲ့အစည်းများ အသုံးပြုရန်အတွက် ရည်ရွယ်ပါသည်။ ညွှန်ကိန်းများကို အသုံးပြုကာ စောင့်ကြည့်လေ့လာမှုသည် ဒေသန္တရနှင့် ရပ်ရွာဖွံ့ဖြိုးရေး စီမံချက်များအား ပဋိပက္ခကို သတိပြုနားလည်မှုရှိသော စီမံချက်များ ဖြစ်လာစေရန် အထောက်အကူပြုနိုင်ပုံကို ရှင်းလင်းတင်ပြထားပါသည်။ စီမံချက်များသည် ပဋိပက္ခဒေသများတွင်သာမက မြန်မာနိုင်ငံရှိ မည်သည့်နေရာတွင်ဆောင်ရွက်သည်ဖြစ်စေ စီမံချက်၏လုပ်ငန်းများနှင့် စီမံချက်နှင့်ဆက်စပ်နေသော နောက်ခံအခြေအနေများ/ပတ်ဝန်းကျင်ကြားကောင်းကျိုးနှင့်ဆိုးကျိုးများ အပြန်အလှန်သက်ရောက်နေမှုကို ညွှန်ကိန်းများဖြင့် တိုင်းတာခြင်းဖြင့် ပဋိပက္ခကို သတိပြုနားလည်မှုရှိစွာ ဆောင်ရွက်နိုင်ပါသည်။ ပထမအပိုင်းတွင် စောင့်ကြည့်လေ့လာမှုနှင့် သုံးသပ်အကဲဖြတ်မှု (M&E) ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ညွှန်ကိန်းများကို မည်သို့ ဖန်တီးအသုံးပြုမည်ဆိုသည်ကို တင်ပြထားပါသည်။ ဒုတိယအပိုင်းတွင်မူ စီမံချက်ကို အကောင်အထည်ဖော်စဉ်အတွင်း ပဋိပက္ခကိုသတိပြုနားလည်မှုဖြင့်ဆောင်ရွက်နိုင်ရန်အတွက် ထိုညွှန်ကိန်းများအား မည်သို့ အသုံးပြုရမည်ဆိုသည်ကို ရှင်းပြထားပါသည်။

## ၁။ ညွှန်ကိန်းများကို ဖန်တီးခြင်း

### ၁–၁။ ညွှန်ကိန်းဆိုသည်မှာ အဘယ်နည်း

စီမံချက်များအားလုံးသည် ပြောင်းလဲမှု တစ်စုံတစ်ခုရရှိရန် ရည်ရွယ်ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ ထိုပြောင်းလဲမှုသည် လူတစ်ဦးချင်းအဆင့်၊ ရပ်ရွာအဆင့်၊ အဖွဲ့အစည်းအဆင့်ဟူ၍ အဆင့်အမျိုးမျိုးတွင်ဖြစ်နိုင်ပြီး လူမှုအဖွဲ့အစည်းကြီး တစ်ခုလုံးအနေဖြင့်ပြောင်းလဲခြင်းလည်း ဖြစ်နိုင်ပါသည်။ စီမံချက်အကောင်အထည်ဖော်နေစဉ်အတွင်း သို့မဟုတ် စီမံချက်ပြီးသည့်နောက်တွင် မျှော်မှန်းထားသောပြောင်းလဲမှုများဖြစ်ပေါ်လာခြင်း ရှိ၊ မရှိ တိုင်းတာရာတွင် ညွှန်ကိန်းများသည် အထောက်အကူပြုနည်းလမ်းတစ်ခု ဖြစ်ပါသည်။

စီမံချက်သို့မဟုတ် အစီအစဉ် ရလဒ်များကို တိုင်းတာသည့် မည်သည့် စောင့်ကြည့်လေ့လာမှုနှင့် ပြန်လည်သုံးသပ်အကဲဖြတ်မှု မူဘောင်တွင်မဆို ညွှန်ကိန်းများသည် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ တာဝန်ရှိသောဝန်ကြီးဌာနများ၊ အလှူရှင်များ၊ အကောင်အထည် ဖော်သည့်အဖွဲ့အစည်းများ၊ စီမံချက်၏ပါဝင်ဆက်စပ်ပတ်သက်သူများ၊ အရေးအကြီးဆုံးမှာ စီမံချက်၏ အကျိုးခံစားခွင့် ရှိသူများမှ စီမံချက်လုပ်ငန်းများ၏ ရလဒ်အား ဓမ္မဓိဋ္ဌာန်ကျကျ ဆန်းစစ်လေ့လာနိုင်ရန်၊ ရလဒ်များပြည့်မီမှုရှိခြင်းနှင့် မရှိခြင်းများအတွက် ၎င်းတို့ကိုယ်တိုင်နှင့် အခြားသူများကို တာဝန်ခံမှုရှိအောင် ဆောင်ရွက်နိုင်ရန်အတွက် ညွှန်ကိန်းများက ကူညီပေးပါသည်။

ညွှန်ကိန်းများကို စီမံချက်အစီအစဉ်ရေးဆွဲမှုဆိုင်ရာ စာရွက်စာတမ်းများတွင် တွေ့ရလေ့ရှိပါသည်။ ဥပမာ logical framework (log–frame) တွင်ဖြစ်ပြီး ထိုအထဲတွင် စီမံချက်၏ ပန်းတိုင်များ၊ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် မျှော် မှန်းထားသော ရလဒ်များကို အကျဉ်းချုပ်ဖော်ပြထားပါသည်။ စီမံချက်တစ်ခုတွင် ပါဝင်သည့်အဆင့်များဖြစ်သော လုပ်ငန်းများ (activity) ဆောင်ရွက်သည့်အဆင့်မှ ရလဒ် (output)၊ မျှော်မှန်းရလဒ် (outcome) နှင့် ရေရှည်သက်ရောက်မှု (long term impact) ဟူသည့် အဆင့်တိုင်းတွင် တိုးတက်မှုကို တိုင်းတာရန်အတွက် ညွှန်ကိန်းများကို အသုံးပြုနိုင်ပါသည်။ (အောက်ပါဇယားကွက်ကို ကြည့်ပါ)။ တိုးတက်မှုတိုင်းတာခြင်းကို စောင့်ကြည့်လေ့လာမှုလုပ်ငန်းစဉ်မှ တစ်ဆင့်ဆောင်ရွက်ခြင်းဖြစ်ပြီး ညွှန်ကိန်းများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကိုစုဆောင်းကာ တိုင်းတာခြင်းဖြစ်ပါသည်။

### ၁–၂။ ညွှန်ကိန်းအမျိုးအစားများ

မည်သည့်သတင်းအချက်အလက်များကို စုဆောင်းရမည်ဆိုသည်မှာ ညွှန်ကိန်းပေါ်တွင် မူတည်ပါသည်။ လုပ်ငန်းညွှန်ကိန်းများ (Activity indicators)နှင့် ရလဒ်ညွှန်ကိန်းများ (Output indicators) သည် မည်သည့် လုပ်ငန်းများကို

လုပ်ဆောင်ပြီးစီး၍ ထိုလုပ်ငန်းများမှ မည်သည့်ရလဒ်များ ထွက်ပေါ်လာသည်ကို တိုင်းတာပေးပါသည်။ မျှော်မှန်း ရလဒ်ညွှန်ကိန်းများ (Outcome indicators) နှင့် ရေရှည်သက်ရောက်မှု ညွှန်ကိန်းများ (Impact indicators) သည် လုပ်ငန်းများ၊ ရလဒ်များကြောင့် မည်သည့်အပြောင်းအလဲများ ဖြစ်ပေါ်လာသည်ကို တိုင်းတာပေးပါသည်။ ထို့ပြင် လုပ်ငန်းစဉ် ညွှန်ကိန်းများ (Process Indicators) သည်အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များ၏ အရည်အသွေးကို တိုင်းတာပေးပါသည်။

## ၁–၃။ ညွှန်ကိန်းများသည် မည်သည်ကို တိုင်းတာနိုင်သနည်း

မည်သည့် ပြောင်းလဲမှုအမျိုးအစားကိုမဆို တိုင်းတာရန် အတွက် ညွှန်ကိန်းများကို ပြုစုဖန်တီးနိုင်ပါသည်။ ညွှန်ကိန်းများသည် အရည်အသွေးဆိုင်ရာ (Qualitative) ညွှန်ကိန်းများ ဖြစ်နိုင်သလို အရေအတွက်ဆိုင်ရာ (Quantitative) ညွှန်ကိန်းများလည်း ဖြစ်နိုင်ပါသည်။ အရေအတွက်ဆိုင်ရာညွှန်ကိန်းများသည် ကိန်းဂဏန်းများ (ကိန်းဂဏန်းတန်ဖိုးများ၊ အချိုးများ၊ ရာခိုင်နှုန်းများစသည်)၏ ပြောင်းလဲမှုကို တိုင်းတာပါသည်။ အရည်အသွေးဆိုင်ရာ ညွှန်ကိန်းများသည် လူများ၊ အုပ်စုများနှင့် အဖွဲ့အစည်းများ၏ အသိပညာ ဗဟုသုတ၊ စိတ်သဘောထားခံယူချက်၊ သဘောထားအမြင်များ၊ ပြုမူဆောင်ရွက်ပုံ သို့မဟုတ် စွမ်းဆောင်ရည်များ ပြောင်းလဲမှုနှင့် ရေ၊ လျှပ်စစ်မီးစသော ဝန်ဆောင်မှုလုပ်ငန်း များ သို့မဟုတ် အခြေခံအဆောက်အအုံများကဲ့သို့သော အရာဝတ္ထုများ၏ စံချိန်စံညွှန်းနှင့် အရည်အသွေး ပြောင်းလဲမှုများကို တိုင်းတာပါသည်။ ညွှန်ကိန်းများသည် ဓမ္မဓိဋ္ဌာန်ကျ (objective) ညွှန်ကိန်းများ ဖြစ်နိုင်သလို ပုဂ္ဂလဓိဋ္ဌာန်ကျ (subjective) ညွှန်ကိန်းများလည်း ဖြစ်နိုင်ပါသည်။ ဓမ္မဓိဋ္ဌာန်ကျ ညွှန်ကိန်း များသည် ဘက်လိုက်ခြင်းမရှိသော သို့မဟုတ် ကြားနေသော ကိန်းဂဏန်း သို့မဟုတ် အချက်အလက်များဖြင့် ပြောင်းလဲမှုများကို တိုင်းတာပါသည်။ ပုဂ္ဂလဓိဋ္ဌာန် ကျသောညွှန်ကိန်းများသည် ပုဂ္ဂိုလ်ရေးခံစားချက်များ၊ သဘောထားများနှင့် သက်ဆိုင်သော အချက်အလက် များဖြင့် ပြောင်းလဲမှုများကို တိုင်းတာပါသည်။

## ၁–၄။ ကောင်းမွန်သော ညွှန်ကိန်းတစ်ခု ဖြစ်စေရန် မည်သည့်အချက်များ ပြည့်စုံရမည်နည်း

မည်သည့်ညွှန်ကိန်းများကို အသုံးပြုမည်ဆိုသည်ကို

**ဥပမာ –** အခြေခံအဆောက်အအုံ တည်ဆောက်မှုနှင့် အသက်မွေးမှုကျွမ်းကျင်သင်တန်းများဆောင်ရွက်ပေးသော ရပ်ရွာ ဖွံ့ဖြိုးမှုစီမံချက်တစ်ခုသည် အောက်ပါတို့ကိုအသုံးပြု နိုင်ပါသည်။

**ရလဒ်များ (Outputs) –** လုပ်ငန်းများမှ ဖန်တီးထုတ်လုပ် လိုက်သော လက်ဆုပ်လက်ကိုင်ပြနိုင်သည့် ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများ (ဥပမာ – ဆောက်လုပ်ပြီးစီး သောလမ်း၊ လေ့ကျင့်သင်တန်းပေးလိုက်သောလူများ)

**ရလဒ်ညွှန်ကိန်းနမူနာများ –** ဖေါက်လုပ်ပြီးစီးသော လမ်း x ကီလိုမီတာ၊ သင်တန်းရသော လူအရေအတွက်


**မျှော်မှန်းရလဒ်များ (Outcomes) –**လုပ်ငန်းရလဒ်များ ကြောင့်ဖြစ်ပေါ်လာသော ပြောင်းလဲမှု (ဥပမာ ခရီးသွားလာ ရာတွင် အချိန်ကုန်သက်သာသွားခြင်း၊ ဈေးကွက်များကို ပိုမိုလက်လှမ်းမီလာခြင်း၊ ကျွမ်းကျင်မှုနှင့် အသိပညာ အသစ်များ ရရှိသွားခြင်း)

**မျှော်မှန်းရလဒ်ညွှန်ကိန်းနမူနာများ –**လမ်းဖေါက်လုပ်ပြီး နောက် ရွာသားများ ခရီးသွားလာရာတွင် ကြာမြင့်ချိန် လျော့နည်းသွားမှု% ၊ လမ်းဖေါက်လုပ်ပြီးနောက် ဈေးကွက် အသစ်များကို လက်လှမ်းမီလာသည်ဟု ပြောပြသော လယ်သမားအရေအတွက်၊ သင်တန်းအပြီးတွင် သင်တန်းသားများသည် အသက်မွေးမှုလုပ်ငန်းအသစ်များ တိုးချဲ့ လုပ်ကိုင်နိုင်သည့် နည်းစနစ်အသစ်အနည်းဆုံး ၂ ခု ၏ အမည်ကို ပြောပြနိုင်ခြင်း။

**ရေရှည်သက်ရောက်မှု (Impact) –** ပိုမိုကျယ်ပြန့်သော လူမှုအသိုင်းအဝိုင်း၊ စီးပွားရေး၊ အစိုးရ၊ စသည်အပေါ် မျှော်မှန်းရလဒ်များ၏ ရေရှည်သက်ရောက်မှု (ဥပမာ – အိမ်ထောင်စုဝင်ငွေတိုးလာခြင်း၊ ဆင်းရဲမှုလျော့ကျခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်လာခြင်း)

**ရေရှည်သက်ရောက်မှုညွှန်ကိန်းနမူနများ –** အိမ်ထောင်စု ဝင်ငွေများတိုးလာမှု x %၊ ဆင်းရဲမှုမျဉ်းအောက်ရောက် နေသော လူလျော့နည်းလာမှု y%၊ လယ်သမားများမှ ကုန်ထုတ်လုပ်မှု x ဆ တိုးလာကြောင်း ပြောပြခြင်း

**လုပ်ငန်းစဉ်ညွှန်ကိန်းနမူနာများ –**ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို နှစ်သက်ကျေနပ်သည့် ဒေသခံ %



ဥပမာ

သက်မွေးမှုလုပ်ငန်းကျွမ်းကျင်မှု သင်တန်းပေးသော ကျေးလက်ဒေသ အသက်မွေးမှုလုပ်ငန်း စီမံချက်တစ်ခုတွင် အောက်ပါ အရေအတွက်ဆိုင်ရာနှင့် အရည်အသွေးဆိုင်ရာ ညွှန်ကိန်းများကို အသုံးပြုနိုင်ပါသည်။

အရေအတွက်ဆိုင်ရာညွှန်ကိန်းများ

- သင်တန်းရပြီး ၆ လအတွင်း အလုပ်အကိုင်ရရှိသူ အရေအတွက်

အရည်အသွေးဆိုင်ရာညွှန်ကိန်းများ

- ဂင်ငွေအခွင့်အလမ်းသစ်များကို စိတ်ကျေနပ်မှု ရရှိသည့်အဆင့်

ဥပမာ

ကျေးလက်ဒေသအသက်မွေးမှုလုပ်ငန်းစီမံချက်တစ်ခုတွင် အောက်ပါမွေမိဌာန်ကျနှင့်ပုဂ္ဂလိဌာန်ကျညွှန်ကိန်းများကို အသုံးပြုနိုင်ပါသည် –

ဓမ္မဓိဌာန်ကျညွှန်ကိန်းများ

- အသက်မွေးမှုလုပ်ငန်းဆိုင်ရာ ပံ့ပိုးမှုများ ရရှိသည့် အမျိုးသမီးအရေအတွက်

ပုဂ္ဂလဓိဌာန်ကျညွှန်ကိန်းများ

- စီမံချက်ကြောင့် ဂင်ငွေအခွင့်အလမ်းများ ပိုမိုကောင်းမွန်လာသည်ဟု ယုံကြည်ယူဆသော အမျိုးသမီး %

ဆုံးဖြတ်သောအခါ အောက်ပါတို့ကို စဉ်းစားပါ –

- ဖြစ်နိုင်ခြေရှိမှု (Feasibility) – ညွှန်ကိန်းသည် ရရှိနိုင်သော အရင်းအမြစ်များ (ငွေ၊ အချိန်၊ စွမ်းဆောင်ရည်များ) ဖြင့် တိုင်းတာနိုင်ပါသလား။ တိုင်းတာရန်အတွက် လိုအပ်သော သတင်းအချက်အလက်များကို ရရှိနိုင်ပါသလား။ ထိုသတင်းအချက်များကို ပုံမှန်စုဆောင်းနိုင်ပါသလား။ အချက်အလက်စုဆောင်းရန် အတွက် ရွေးချယ်ထားသော ရပ်ရွာလူမှုအသိုင်းအဂိုင်းများထံ လက်လှမ်းမီ သွားရောက်နိုင်ပါသလား။

- လုံလောက်မှု (Adequacy) – ညွှန်ကိန်းသည် မျှော်မှန်းထားသော ပြောင်းလဲမှု၏ အရေးအကြီးဆုံး အပိုင်းကို တိုင်းတာနိုင်ပါသလား။ ထိုညွှန်ကိန်းသည် ပြောင်းလဲမှုအား ထင်ရှားစွာ ပြသပေးနိုင်ပါသလား။ ဥပမာ လမ်းပြန်လည်ပြုပြင်တည်ဆောက်သည့် စီမံချက်တွင် လမ်းအရှည်ကီလိုမီတာမည်မျှကို ဖေါက်လုပ်ပြီးစီးကြောင်း တိုင်းတာရုံဖြင့် လုံလောက်ပါသလား။ သို့မဟုတ် လူပေါင်းမည်မျှ လမ်းကိုအသုံးပြုနေသနည်း သို့မဟုတ် လမ်းပြုပြင်ဆောက်လုပ်ပေးခဲ့ခြင်းကြောင့် လူပေါင်းမည်မျှသည် ကျောင်း၊ ဆေးရုံနှင့် ဈေးများသို့ တစ်နစ်ပတ်လုံး သွားရောက်နိုင်သနည်းဆိုသည်ကိုပါ တိုင်းတာသင့်ပါသလား။

- ယုံကြည်အားထားနိုင်မှု (Reliability) – ညွှန်ကိန်းသည် အသုံးပြုသူမည်သူပင်ဖြစ်စေ အသုံးပြုသည့် အကြိမ်တိုင်းတွင် တူညီသည့်အရာကိုသာ တိုင်းတာပေးပါသလား။ ညွှန်ကိန်းမှ ညွှန်ပြသောအရာကို သင် ယုံကြည်စိတ်ချနိုင်ပါသလား။

- ဖြောင့်မတ်မှန်ကန်ပြည့်စုံမှု (Integrity) – ညွှန်ကိန်းသည် ရှင်းလင်းတိကျမှုရှိပါသလား။ ကောင်းမွန်သော ညွှန်ကိန်းများသည် လူပုဂ္ဂိုလ်ကိုလိုက်ကာအဓိပ္ပါယ် ကောက်ယူပုံအမျိုးမျိုးဖြစ်ပေါ်စေခြင်းမရှိဘဲ လူတိုင်းကို တစ်ပုံစံတည်း နားလည်သဘောပေါက်စေပါသည်။ ဥပမာ ညွှန်ကိန်းတစ်ခုသည် စီမံချက်ကြောင့် ထိခိုက် လွယ်သောသူများ အကျိုးခံစားခွင့် ရရှိခြင်း ရှိမရှိ တိုင်းတာရန် ရည်ရွယ်သည်ဆိုပါက မည်သူသည် "ထိခိုက် လွယ်သူ" ဖြစ်ကြောင်း တူညီသည့်အဓိပ္ပါယ် ဖွင့်ဆိုချက်တစ်ခု (ဥပမာ အမျိုးသမီးငယ်များ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလူနည်းစုများ၊ စသည်) ထားရှိမည်ဆိုလျှင် အသုံးဝင်ပါသည်။

- အချိန်ကိုက်တိုင်းတာနိုင်မှု (Timeliness) –ညွှန်ကိန်းကို တိုင်းတာရန် လိုအပ်သောအချိန်တွင် သတင်း အချက်အလက်များကို ရရှိနိုင်ပါသလား။ ဥပမာ ကျေးလက်ဒေသ အသက်မွေးမှုလုပ်ငန်းစီမံချက်တွင် ဝင်ငွေ အဆင့်များ ပြောင်းလဲခြင်း ရှိ၊ မရှိ တိုင်းတာ ရန်အတွက် ၃လ၊ ၆လ၊ ၉လ၊ ၁၂လ ခြားကာ ရာသီမရွေး အချက်အလက်များ စုဆောင်းရရှိနိုင်ပါသလား။

- အသုံးပြုနိုင်မှု (Utility) – ညွှန်ကိန်းသည် စီမံချက်ကို ပိုကောင်းအောင် သို့မဟုတ် လိုက်လျောညီထွေ ပြောင်းလဲပြင်ဆင်နိုင်အောင် မည်သို့အထောက်အကူပြု ပါမည်နည်း။ ညွှန်ကိန်းသည် ဒုတိယအဆင့် သို့မဟုတ် စီမံချက်တိုးချဲ့မှုအတွက် ဒီဇိုင်းပုံစံရေးဆွဲရာတွင် မည်သို့ အထောက်အကူပြုပါမည်နည်း။ ပါဝင်ဆက်စပ်ပတ်သက် သူ များ၊ မိတ်ဖက်များနှင့် အလှူရှင်များ၏ စိတ်ဝင်စားမှု များကိုရရှိအောင်မည်သို့ကူညီပေးပါမည်နည်း။

ညွှန်ကိန်းများကို ဖန်တီးပြုစုသောအခါ သတိပြုရန် အရေးကြီးသည့် အခြားအချက်များမှာ –

- ညွှန်ကိန်းများသည် စီမံချက်၏ ရည်ရွယ်ချက်များနှင့် တိုက်ရိုက်ချိတ်ဆက်နေသင့်ပါသည်။ စီမံချက်သည် မည်သည်ကို ပြည့်မြောက်အောင် ဆောင်ရွက်ရမည်နည်း။ ပြောင်းလဲမှုသီအိုရီ (Theory of Change) မှာ အဘယ်နည်း။ ၎င်းသည်ကို အတိအကျသတ်မှတ်ပြီးပြီဆိုပါက တိုင်းတာရမည့် ပြောင်းလဲမှုကို ရွေးချယ် ဆုံးဖြတ်ရန် လွယ်ကူသွားပါလိမ့်မည်။

- ညွှန်ကိန်းတစ်ခုချင်းစီသည် အရာတစ်ခုတည်းကိုသာ တိုင်းတာသင့်ပါသည်။ အရေးကြီးသည့် ရှုထောင့် နှစ်ခုမှ တိုင်းတာရမည်ဆိုလျှင် တစ်ခုစီအတွက် ညွှန်ကိန်းတစ်ခုစီကို သီးခြားစီ ဖန်တီးပြုစုရန် ဖြစ်ပါသည်။ ဥပမာ လမ်းပြုပြင်တည်ဆောက်သည့်စီမံချက်တစ်ခု တွင် 'လမ်း၏အရည်အသွေးကို နှစ်သက်ကျေနပ်သော လမ်းအသုံးပြုသူအရေအတွက်' ဟူသည့် ညွှန်ကိန်းအစား 'လမ်းအသုံးပြုသူအရေအတွက်' နှင့် 'လမ်း အရည်အသွေး ကို နှစ်သက်ကျေနပ်သူအရေအတွက်' ဟူ၍ သီးခြားအညွှန်းကိန်း ၂ ခု ဖြင့် တိုင်းတာသင့်ပါသည်။

- လူများနှင့်သက်ဆိုင်သော ညွှန်ကိန်းများကို စီမံချက်နှင့် ဆီလျော်အပ်စပ်သလို ကျား၊မ၊ တိုင်းရင်းသား လူမျိုး၊ အသက်အရွယ်၊ စသည့် identity marker များအလိုက် ခွဲခြားကာ ('disaggregated') တိုင်းတာ သင့်ပါသည်။ အချက်အလက်များ ခွဲခြားကောက်ခံခြင်းသည် အရေးကြီးပါသည်။ သို့မှသာ စီမံချက်သည် ဦးတည်အုပ်စု များသို့ အောင်မြင်စွာ ရောက်ရှိ အကောင်အထည်ဖော် နိုင်ခြင်း ရှိမရှိ သို့မဟုတ် စီမံချက်သည် အုပ်စုများ အားလုံးသို့ သာတူညီမျှ ရောက်ရှိခြင်း ရှိမရှိ သိရှိနိုင်မည်ဖြစ်ပါသည်။

- အရေအတွက်နှင့် အရည်အသွေးဆိုင်ရာ ညွှန်ကိန်း နှစ်ခုစလုံးကို အသုံးပြုမည်ဆိုလျှင် အကျိုးရှိပါလိမ့် မည်။ အရည်အသွေးဆိုင်ရာ ညွှန်ကိန်းများသည် မကြာခဏဆိုသလို အရေအတွက်ဆိုင်ရာညွှန်ကိန်းများမှ ရရှိသော အချက်အလက်များကို နားလည်နိုင်ရန်နှင့် အတည်ပြုရန် ကူညီပေးနိုင်ပါသည်။ ထို့ပြင် ကိန်းဂဏန်း များဖြင့် တိုင်းတာရန်ခက်ခဲသော ပြောင်းလဲမှု၏ ရလဒ်များကို တိုင်းတာရန်လည်း အထောက်အကူ ဖြစ်နိုင်ပါသည်။

- စီမံချက်နှင့် ပါဝင်ဆက်စပ်ပတ်သက်သူများ၏ အသိပညာဗဟုသုတ၊ အထူးသဖြင့် နောက်ခံအခြေအနေ များကို ကောင်းစွာနားလည်သိရှိမှုသည် ခိုင်မာသော ညွှန်ကိန်းများကို ဖန်တီးပြုစုရန် အထောက်အကူပြု နိုင်ပါသည်။ ပါဝင်ဆက်စပ်ပတ်သက်သူများနှင့် အကြံပြုဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် ၎င်းတို့ထံမှ အကြံပြု ချက်များ၊ ထင်မြင်ချက်များ ရရှိနိုင်သဖြင့် ညွှန်ကိန်းများကို အထက်ဖော်ပြပါအချက်များနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ စစ်ဆေးနိုင်သည့်


နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။ ထိုသို့သော အကြံပြုဆွေးနွေးပွဲများတွင် ရရှိသော အချက်အလက်များက စီမံချက်စီမံခန့်ခွဲသူများ ထည့်သွင်းမစဉ်းစားမိသည့် ညွှန်ကိန်းများကို ညွှန်ပြပေးခြင်းမျိုးလည်း ရှိနိုင်ပါသည်။

### ၁–၅။ ညွှန်ကိန်းများကို မည်သည့်အချိန်တွင် ပြုစုသင့်သနည်း

ညွှန်ကိန်းများကို များသောအားဖြင့် စီမံချက် သို့မဟုတ် အစီအစဉ်အား စတင်ဒီဇိုင်းရေးဆွဲချိန်တွင် ပြုစုဖော်ထုတ်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ညွှန်ကိန်းများသည် စီမံချက်မှ မည်သည်ကိုအောင်မြင်အောင် ဆောင်ရွက်မည်ဆိုသည်ကို သတ်မှတ်နိုင်ရန်  အောင်မြင်မှုအား မည်ကဲ့သို့တိုင်းတာမည်ဟုဖော်ပြခြင်းအားဖြင့် ကူညီသောကြောင့် ဖြစ်ပါသည်။  စီမံချက် သို့မဟုတ် အစီအစဉ် စတင်ပြီးနောက်တွင်လည်း လိုအပ်လျှင် ညွှန်ကိန်းများကို ပြုစုခြင်း သို့မဟုတ် ပြင်ဆင်မွမ်းမံခြင်းများ ပြုလုပ်နိုင်ပါသည်။

### ၁–၆။ ညွှန်ကိန်းများကို အသုံးပြုကာ မည်သို့ တိုင်းတာမည်နည်း

ညွှန်ကိန်းများအတွက် သတင်းအချက်အလက်များ စုဆောင်းခြင်းသည် စီမံချက်စောင့်ကြည့်လေ့လာမှု၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ထိုသို့ အချက်အလက်များကို စုဆောင်းနိုင်ရန် ညွှန်ကိန်းတစ်ခုစီအတွက် လိုအပ်သော သတင်းအချက်အလက်များ ရရှိနိုင်မည့် ရင်းမြစ်တစ်ခုကို သတ်မှတ်ရမည်ဖြစ်ပြီး အချက်အလက် စုဆောင်းရန် သင့်လျော်သည့် နည်းစနစ်တစ်ခုကိုရွေးချယ်ရပါမည်။ များသောအားဖြင့် သတင်းအချက်အလက်များကို ရှိပြီးသား စာရွက်စာတမ်းများမှ စုဆောင်းရယူနိုင်ပါသည် (desk research)။ ဥပမာ လုပ်ဆောင်ချက်အစီရင်ခံစာများ သို့မဟုတ် အခြားသော စီမံချက် စာရွက်စာတမ်းများကို သုံးသပ်လေ့လာခြင်းဖြစ်ပါသည်။ စီမံချက်ဒေသများတွင် သတင်းအချက်အလက်များ ကောက်ယူရန် လိုအပ်ကောင်း လိုအပ်နိုင်ပြီး ထိုအတွက် အသုံးများသော နည်းစနစ်များမှာ စစ်တမ်းကောက်ယူခြင်းများ၊ တွေ့ဆုံမေးမြန်းမှုများနှင့် ဦးတည်အုပ်စု ဆွေးနွေးပွဲများ (အောက်ပါဇယားကွက်တွင် ပိုမိုအသေးစိတ်သောအချက်အလက်များကို ဖတ်ရှုနိုင်ပါသည်) ဖြစ်ပါသည်။ သတင်းအချက်အလက်များ စုဆောင်းခြင်းရာတွင် ညွှန်ကိန်းက မည်သည်ကို တိုင်းတာသည်၊ သတင်းအချက်အလက်များကို စုဆောင်းရယူရန် မည်မျှလွယ်ကူသည်၊ သတင်းအချက်အလက်များ စုဆောင်းရန် အတွက် မည်သည့်အရင်းအမြစ်များကို ရရှိနိုင်သည် ဟူသော အချက်များပေါ်တွင်မူတည်ကာ အနည်းနှင့်အများ ပုံမှန်လုပ်ဆောင်ကြပါသည်။ စီမံချက်မစတင်မီ (baseline) နှင့် အကောင်အထည်ဖော်ပြီးနောက်ပိုင်း (end–line) အခြေအနေများကိုပြသသည့် အချက်အလက်များ ကောက်ယူမှုသည် စီမံချက်ကာလတစ်လျှောက်လုံးအတွက် ပြောင်းလဲမှုများကို တိုင်းတာရာတွင် အဓိကကျပါသည်။ အချက်အလက်စုဆောင်းမှုကို စီမံချက်အကောင်အထည်ဖော်သူများက ဆောင်ရွက်လေ့ရှိသော်လည်း စီမံချက် စီမံခန့်ခွဲမှု နှင့် အကောင်အထည်ဖော်သည့်အဖွဲ့တွင် မပါဝင်သည့်သူများကို အချက်အလက်ကောက်ယူစေခြင်းသည်လည်း စီမံချက်စောင့်ကြည့်လေ့လာမှုကို ဓမ္မဓိဋ္ဌာန်ကျကျ ဘက်လိုက်ခြင်းကင်းစွာ ဆောင်ရွက်နိုင်စေရန် အထောက်အကူဖြစ်ပါသည်။ အချက်အလက်များ စုဆောင်းရာတွင် ပါဝင်သည့် လူများအပေါ် အန္တရာယ်မကျရောက်နိုင်စေရန် သေချာအောင် ဂရုတစိုက်လုပ်ဆောင်သင့်ပါသည်။ အထူးသဖြင့် ပဋိပက္ခ၊ အကြမ်းဖက်မှုတို့နှင့် သက်ဆိုင်သော အချက်အလက်များကဲ့သို့ အကဲဆတ်သော အချက်အလက်များကို ကောက်ယူသည့်အခါတွင် ဖြစ်ပါသည်။



**စစ်တမ်း**

သတ်မှတ်ထားသော မေးခွန်းတစ်စုံကို အသုံးပြုကာ အရေအတွက်များပြားသော လူများ (‘နမူနာအုပ်စု’ တစ်စု) ထံမှ သတင်းအချက်အလက်များကို စုဆောင်းခြင်း ဖြစ်ပြီး များသောအားဖြင့် အရေအတွက်မှာ ရာနှင့်ချီပါသည်။

- အရေအတွက်ဆိုင်ရာ အချက်အလက်များကို ကောက်ယူစုဆောင်းရန် အသင့်တော်ဆုံးဖြစ်။
- ဖြေဆိုသူအရေအတွက်များပြားသည့်အတွက် ဘယ်သူက ဘာဖြေသည်ကို မသိနိုင်ဟု ဖြေဆိုသူများက ယူဆသည့်အတွက် အကဲဆတ်သည့် ကိုယ် ရေးကိုယ်တာမေးခွန်းများ (ဥပမာ ဝင်ငွေအကြောင်း)ကို မေးမြန်းရန် ဖြစ်နိုင် ခြေရှိပါသည်။

**တွေ့ဆုံမေးမြန်းမှု**

တွေ့ဆုံမေးမြန်းသူနှင့် ဖြေကြားသူတစ်ဦးကြား ကြိုတင်ပုံစံချထားသော မေးခွန်းများ နှင့်ဖြစ်စေ (‘structured’)၊ ကြိုတင်ပုံစံချထားသောမေးခွန်းများနှင့် မေးမြန်းသူမှ အခြေအနေကြည့်ကာ မေးမြန်းသော မေးခွန်းများကို ရောနှော၍ဖြစ်စေ (‘semi–structured’)၊ ကြိုတင်ပုံစံချထားသော မေးခွန်းများမရှိဘဲ (‘unstructured’) ပြောဆို ဆွေးနွေးသည့် စကားဝိုင်းဖြစ်ပါသည်။

- စစ်တမ်းကဲ့သို့ လူအများကြီးနှင့်မဟုတ်ဘဲ အရည်အသွေးဆိုင်ရာ အချက်အလက်များကို စုဆောင်းရန် အသင့်တော်ဆုံး ဖြစ်ပါသည်။
- ကြိုတင်သဘောတူညီချက်ရယူခြင်း နှင့်/သို့မဟုတ် လျှို့ဝှက်ထိန်းသိမ်းပေး ခြင်းဖြင့် အကဲဆတ် သည့်ကိုယ်ရေးကိုယ်တာမေးခွန်းများကို မေးမြန်းရန် ဖြစ်နိုင်ခြေရှိပါသည်။

**ဦးတည်အုပ်စု ဆွေးနွေးပွဲ**

လူအုပ်စုတစ်စုနှင့် ဆွေးနွေးခြင်းဖြစ်ပြီး ရည်ရွယ်ချက်မှာ ထိုအုပ်စုဝင်များအားလုံး သဘောတူညီမှု ရရှိသည့် နေရာများနှင့် သဘောထားမတိုက်ဆိုင်သည့် နေရာများကို သိရှိရန်၊ အကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ရန် ဖြစ်ပါသည်။ ဦးတည်အုပ်စုဆွေးနွေးပွဲများတွင် ကူညီပံ့ပိုးပေးသူသည် ကြိုတင်သတ်မှတ်ထားသော မေးခွန်းများကို မေးမြန်းပါသည်။ ကူညီပံ့ပိုးပေးသူမှ သိရှိလိုသည့်အရာပေါ် မူတည်ကာ ဦးတည်အုပ်စု များတွင် လူအမျိုးမျိုး ရောနှောပါဝင်နိုင်သလို ဥပမာ အမျိုးသမီးများသီးသန့် သို့မဟုတ် အသက် ၅၀အထက်ရှိသူများသီးသန့် ပါဝင်သည့် အုပ်စုမျိုးလည်း ဖြစ်နိုင် ပါသည်။

- အရည်အသွေးဆိုင်ရာ အချက်အလက်များကို ကောက်ယူရန် အသင့်တော် ဆုံးဖြစ်။
- အုပ်စုဖွဲ့ဆွေးနွေးသည့် အနေအထားကြောင့် အကဲဆတ်သည့် မေးခွန်းများ ကို မေးမြန်းရန် မဖြစ်နိုင်ပါ။ ဖြေဆိုမှုများ တိကျမှုမရှိခြင်းမျိုး ရှိနိုင်ပါသည်။ ဖြေဆိုမှုများသည် အုပ်စု၏ လွှမ်းမိုးမှုကို ခံရနိုင်ပါသည်။

**စောင့်ကြည့် လေ့လာမှု**

နေရာတစ်နေရာရှိ (ဥပမာ ဈေး၊ လမ်းဆုံ သို့မဟုတ် ဆေးရုံ) ပြုမူဆောင်ရွက်မှု များကို သုတေသနပြုသူမှ ပါဝင်ဆောင်ရွက်ခြင်းမရှိဘဲ စောင့်ကြည့်လေ့လာခြင်းနှင့် ဘာတွေဖြစ်ပျက်နေသည် နှင့်/သို့မဟုတ် အကြိမ်မည်မျှ ဖြစ်ပျက်နေသည်ဆိုသည် ကို မှတ်တမ်းတင်ခြင်း ဖြစ်ပါသည်။

- အရည်အသွေးဆိုင်ရာ နှင့် အရေအတွက်ဆိုင်ရာ ကိန်းဂဏန်းနှစ်မျိုး စလုံးကို ကောက်ယူစုဆောင်းရန် သင့်တော်ပါသည်။

## ၂။ ပဋိပက္ခကို သတိပြုနားလည်မှုအတွက် ညွှန်ကိန်းများကို အသုံးပြုခြင်း

### ၂–၁။ ပဋိပက္ခကိုသတိပြုနားလည်မှုအတွက် ညွှန်ကိန်းများကို မည်သို့ အသုံးပြုနိုင်မည်နည်း

ပဋိပက္ခကိုသတိပြုနားလည်မှုသည် လုပ်ငန်းဆောင်ရွက်ပုံ နည်းလမ်းတစ်ခု ဖြစ်ပြီး ဖွံ့ဖြိုးရေးလုပ်ဆောင်သူများသည် အောက်ပါတို့ကို ဆောင်ရွက်ရန် လိုအပ်ပါသည် –

- ၎င်းတို့ လုပ်ငန်းဆောင်ရွက်နေသည့် နောက်ခံအခြေအနေ အကြောင်းအရာများကို နားလည်သဘောပေါက်ရန်၊

- ၎င်းတို့၏ လုပ်ငန်းများ (အစီအစဉ်များ၊ စီမံချက်များ၊ စသည်) သည် ထိုအခြေအနေများနှင့် အပြန်အလှန် သက်ရောက်မှုရှိကာ ပြောင်းလဲပုံ နှင့် အပြန်အလှန်အားဖြင့် အခြေအနေများကလည်း လုပ်ငန်းများအပေါ် သက်ရောက်ပြောင်းလဲစေနိုင်ပုံကို နားလည်သဘောပေါက်ရန်နှင့်

- ထိုသို့ အစီအစဉ်/စီမံချက်နှင့် အခြေအနေကြား အပြန်အလှန်သက်ရောက်မှုမှ ဆိုးကျိုးရလဒ်များကို အနည်း ဆုံးဖြစ်စေပြီး ကောင်းကျိုးရလဒ်များကို အမြင့်မားဆုံးရရှိစေရန်ရည်ရွယ်လျက် ၎င်းတို့၏ လုပ်ငန်းများကို ဒီဇိုင်းရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်ရန်။

- ပဋိပက္ခကိုသတိပြုနားလည်မှုဆိုသည်မှာ လုပ်ကိုင် ဆောင်ရွက်ပုံ နည်းလမ်းတစ်ခုဖြစ်ပြီး ညွှန်ကိန်းများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အစီအစဉ် များ/စီမံချက်များနှင့် ယင်းတို့ကို အကောင်အထည် ဖော်နေသော နေရာဒေသ/ နောက်ခံအခြေအနေတို့ကြား အပြန်အလှန်သက်ရောက်မှုများကို စောင့်ကြည့်လေ့လာ တိုင်းတာပေးနိုင်သောကြောင့် ဖြစ်ပါသည်။

- ပဋိပက္ခကိုသတိပြုနားလည်မှုဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် အခြေအနေနှင့် အပြန်အလှန် သက်ရောက်မှု ညွှန်ကိန်း (context and interaction indicators) နှစ်မျိုးစလုံးကို အသုံးပြုမည်ဆိုလျှင် အကျိုးရှိပါသည်။

- အခြေအနေပြညွှန်ကိန်းများ (Context indicators) သည် စီမံချက်ထက် ပိုမိုကျယ်ပြန့်သော နိုင်ငံ အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အခြေအနေများနှင့်သက်ဆိုင်သည့် သတင်းအချက် အလက်များကို ပေးနိုင်ပြီး ထိုအခြေအနေများ၏ ပြောင်းလဲမှုများကို တိုင်းတာနိုင်ပါသည်။ ထိုအခြေအနေ များသည် စီမံချက်အပေါ်၊ စီမံချက်ကလည်း ထိုအခြေအနေများအပေါ် တိုက်ရိုက်သက်ရောက်မှု ရှိချင်မှ ရှိမည်ဖြစ်သည်။ သို့သော် ထိုအခြေအနေများ သည် စီမံချက်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်စပ်နေသည့် ပတ်ဝန်းကျင်အပေါ် သွယ်ဝိုက်သော အကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။ မကြာခဏ ဆိုသလို အခြေအနေညွှန်ကိန်းများနှင့် ထိုညွှန်ကိန်းများ အတွက် အချက်အလက်များသည် ရှိနှင့်နေပြီးဖြစ်ကာ စီမံချက်မှ ပြုစုရန် သို့မဟုတ် စုဆောင်းရန် မလိုအပ်ပါ။ အခြေအနေညွှန်ကိန်း နမူနာများကို တင်ပြရလျှင် ဒေသန္တရဝန်ဆောင်မှုများအပေါ် ပြည်သူလူထုမှ နှစ်သက်ကျေနပ်မှု၊ အုပ်စုအမျိုးမျိုးကြား ဖြစ်ပွားသော အကြမ်းဖက်အငြင်းပွားမှု အရေအတွက်၊ လုံခြုံမှုနှင့် ဘေးကင်းမှုဆိုင်ရာ သဘောထားအမြင်များ၊ IDP များနှင့် ဒုက္ခသည်များ အရေအတွက်၊ စသည်တို့ ဖြစ်ပါသည်။

- အပြန်အလှန်သက်ရောက်မှုညွှန်ကိန်းများ (Interaction indicators)သည် စီမံချက်နှင့် ယင်း၏ ဦးတည်ဒေသကြား အပြန်အလှန်သက်ရောက်နေမှု များနှင့်စပ်လျဉ်းသော အချက်အလက်များကို ပေးနိုင်ပြီး အပြန်အလှန်သက်ရောက်မှု၏ အပြောင်းအလဲများကို တိုင်းတာနိုင်ပါသည်။ 'အပြန်အလှန်သက်ရောက်မှု – Interaction' ဆိုသည်မှာ လုပ်ဆောင်ချက်များသည် လူများ၊ လူမှုအသိုင်းအဝိုင်းများ၊ အဖွဲ့အစည်းများ၊ စနစ်များနှင့် ထိုလုပ်ဆောင်ချက်များကို အကောင် အထည်ဖော်နေသည့် ပတ်ဝန်းကျင်အပေါ် ကောင်းကျိုး သို့မဟုတ် ဆိုးကျိုးသက်ရောက်မှုများကို ဆိုလိုပါသည်။ ထို့ပြင် လူများ၊ လူမှုအသိုင်းအဝိုင်းများ၊ အဖွဲ့အစည်းများ၊ စနစ်များ သို့မဟုတ် ပတ်ဝန်းကျင်တို့က စီမံချက်လုပ်ငန်း များအပေါ် ကောင်းကျိုး သို့မဟုတ် ဆိုးကျိုးသက်ရောက်မှု များလည်း ဖြစ်နိုင်ပါသည်။ အပြန်အလှန်သက်ရောက်မှု သည် နှစ်လမ်းသွားဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။ အစဉ်အမြဲ လည်း လှုပ်ရှားပြောင်းလဲနေပြီး အခြေအနေပြောင်းလဲ သည်နှင့်အမျှ အဆင့်ဆင့်ပြောင်းလဲနေပါသည်။ ဆိုးကျိုးဖြစ်ပေါ်စေသည့် အပြန်အလှန်သက်ရောက်မှု (Negative interaction) ဆိုသည်မှာ စီမံချက်သည် ဆိုးကျိုးများကို ဖြစ်ပေါ်စေလျက် ရှိခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ စီမံချက်သည် ပဋိပက္ခသို့ဦးတည်သည့်

အခြေအနေများကို ပိုမိုဆိုးရွားသွားအောင် လုပ်ဆောင်နေခြင်း ဖြစ်ပါသည်။ ယင်းသို့မဖြစ်စေရန် အစဉ်အမြဲ ရှောင်ရှားသင့်ပါသည်။ ကောင်းကျိုး ဖြစ်ပေါ်စေသော အပြန်အလှန် သက်ရောက်မှု (Positive interaction) ဆိုသည်မှာ စီမံချက်သည် ပတ်ဝန်းကျင်အခြေအနေများ တိုးတက်လာစေရန် အထောက်အပံ့ပြုနေခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ ငြိမ်းချမ်းရေးကို တိုးတက်စေခြင်း ဖြစ်ပါသည်။ ယင်းသို့ဖြစ်စေရန် တတ်နိုင်သမျှ အားပေး လုပ်ဆောင်သင့်ပါသည်။ အပြန်အလှန်သက်ရောက်မှုညွှန်ကိန်း နမူနာများမှာ စီမံချက်မတိုင်မီနှင့် စီမံချက်ပြီးဆုံးသည့်နောက် ဦးတည်ကျေးရွာများရှိ အုပ်စုများကြား အကြမ်းဖက်အငြင်းပွားမှု အရေအတွက်၊ စီမံချက်မတိုင်မီနှင့် စီမံချက်ပြီးဆုံးသည့်နောက် စီမံချက်တွင် ပါဝင်ဆောင်ရွက်သောလူမှုအသိုင်းအဝိုင်းများ၏ ယုံကြည်မှုနှင့်စပ်လျဉ်းသည့် သဘောထားအမြင်များ၊ စီမံချက်ဝန်ထမ်းများသည် လုံခြုံရေးအရ စီမံချက်ကျေးရွာများသို့ မသွားရောက်နိုင်သည့် နေ့ရက်များ စသည်တို့ဖြစ်သည်။

## ၂–၂။ ပဋိပက္ခကို သတိပြုနားလည်မှု ညွှန်ကိန်းများကို ပြုစုအသုံးပြုခြင်း

- **အဆင့် ၁** – အခြေအနေဆန်းစစ်လေ့လာမှု တစ်ခု ပြုလုပ်ပါ။ သို့မဟုတ် ပြုလုပ်ထားပြီးသား ဆန်းစစ်လေ့လာမှုကို ပြန်လည်သုံးသပ်ပါ။ အခြေအနေဆန်းစစ်လေ့လာချက်အသစ်တစ်ခုကို ဆောင်ရွက်မည်ဆိုလျှင် စီမံချက်မှ ဦးတည်သည့်အဆင့် (ဥပမာ – ကျေးရွာအုပ်စုအဆင့်၊ မြို့နယ်အဆင့်၊ စသည်) မှ စတင်ကာ ဆန်းစစ်လေ့လာမှုကို ပြုလုပ်ပါ။ ထို့နောက်တွင်မှ ပိုမိုမြင့်မားသည့်အဆင့်များ (ဥပမာ – တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ နိုင်ငံအဆင့်၊ စသည်) ရှိ ကိစ္စရပ်များကို တိုးချဲ့ထည့်သွင်းလေ့လာသွားပါ။ ဥပမာ အစကနဦးတွင် စီမံချက်လုပ်ငန်းများ လုပ်ဆောင်မည့် မြို့နယ်နှစ်မြို့နယ်ရှိ ကျေးရွာများကို အဓိကဦးတည်ကာ ဆန်းစစ်လေ့လာမှုကို ပြုလုပ်နိုင်ပါသည်။ ထို့နောက်တွင် စီမံချက်၌ မပါဝင်သော်လည်း ပဋိပက္ခကို သတိပြုနားလည်မှုဆိုင်ရာ ရည်ရွယ်ချက်များအတွက် အသုံးဝင်နိုင်သည့် အနီးပတ်ဝန်းကျင် မြို့နယ်များကို ဆက်လက်ဆန်းစစ်လေ့လာသွားရန် ဖြစ်ပါသည်။ စီမံချက်နှင့်ဆက်စပ်နေသည့် အခြေအနေအကြောင်းအရာများအပေါ် သက်ရောက်မှုရှိနိုင်သည့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးနှင့် နိုင်ငံအဆင့်ရှိ ပဋိပက္ခဆိုင်ရာအခြေအနေများကိုလည်း ထည့်သွင်းစဉ်းစားကာ ဆန်းစစ်လေ့လာသင့်ပါသည်။
- **အဆင့် ၂** – ထိုအခြေအနေများရှိ ပဋိပက္ခဖြစ်နိုင်ခြေများ နှင့် ငြိမ်းချမ်းရေးအခွင့်အလမ်းများအတွက် ညွှန်ကိန်းများကို သတ်မှတ်ဖော်ထုတ်ပါ။ အောက်ပါတို့မှာ အခြေအနေညွှန်ကိန်းများ (context indicators) ဖြစ်ပါသည်။

> **ဥပမာ – လူထုစီမံလုပ်ကိုင်သော ရေပေးသွင်းရေးလုပ်ငန်းကို ကူညီပံ့ပိုးပေးရန် ရည်ရွယ်သည့် ရပ်ရွာ ဖွံ့ဖြိုးရေးစီမံချက်**
>
> အခြေအနေညွှန်ကိန်း နမူနာများ –
>
> - ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု များနှင့် ပစ္စည်းအဆောက်အအုံများကို တိုက်ခိုက်မှုများအပါအဝင် အကြမ်းဖက်မှုဖြစ်ရပ်များ အရေအတွက်
> - ရပ်ရွာလူမှုအသိုင်းအဝိုင်းများအတွင်းနှင့် အသိုင်းအဝိုင်းများကြား ပူးတွဲဆောင်ရွက်သည့် စီးပွားရေး လုပ်ငန်းများ အရေအတွက်

- **အဆင့် ၃** – အခြေအနေလေ့လာဆန်းစစ်ချက်တွင် တွေ့ရှိရသော ကောင်းကျိုးဖြစ်နိုင်သည့် (ငြိမ်းချမ်းရေးကိုအထောက်အပံ့ပြုနိုင်သော) သို့မဟုတ် ဆိုးကျိုးဖြစ်နိုင်သည့် (ပဋိပက္ခကို ဖန်တီးနိုင်သော) ကိစ္စရပ်များ၊ စိန်ခေါ်မှုများသည် စီစဉ်ထားသောစီမံချက် လုပ်ငန်းများနှင့် အပြန်အလှန်သက်ရောက်မှုရှိနိုင်သော သို့မဟုတ် ချိတ်ဆက်မှုရှိနိုင်သော နေရာများ (Interaction Points) ကို သတ်မှတ်ဖော်ထုတ်ပါ။
- **အဆင့် ၄** – အရေးကြီးသည့် Interaction Point တိုင်းအတွက် အပြန်အလှန်သက်ရောက်မှုညွှန်ကိန်းများ (interaction indicators) ကို ပြုစုပါ။ ဖြစ်ပေါ်လာနိုင်ခြေ ရှိသည့် အပြန်အလှန်သက်ရောက်မှုများပေါ်တွင် မူတည်ကာ ညွှန်ကိန်းများမှ မည်သည်ကို တိုင်းတာရမည် ဆိုသည်ကို ဆုံးဖြတ်ရပါမည်။ အောက်ပါတို့မှာ အပြန်အလှန်သက်ရောက်မှု ညွှန်ကိန်းများ ဖြစ်ပါသည်။
- **အဆင့် ၅** – အခြေအနေညွှန်ကိန်းများနှင့် အပြန်အလှန် သက်ရောက်မှုညွှန်ကိန်းများဖြင့် တိုင်းတာကာစောင့်ကြည့် လေ့လာမှုကို ပုံမှန်ပြုလုပ်ပါ။ ဆိုးကျိုးဖြစ်စေနိုင်သော လုပ်ဆောင်ချက်များရှိပါက သို့မဟုတ် ငြိမ်းချမ်းရေးကို



### ဥပမာ – လူထုစီမံလုပ်ကိုင်သော ရေပေးသွင်းရေးလုပ်ငန်းကို ကူညီပံ့ပိုးပေးရန် ရည်ရွယ်သည့် ရပ်ရွာ ဖွံ့ဖြိုးရေးစီမံချက်

အပြန်အလှန်သက်ရောက်မှုညွှန်ကိန်း နမူနာများ

- သင်တန်းတက်ရောက်သူများအရေအတွက်၊ လူမှုအသိုင်းအဝိုင်းအလိုက် ခွဲခြားကောက်ယူရန် (မည်သည့်လူမှုအသိုင်းအဝိုင်းက ပါဝင်တက်ရောက်မှု ပိုမိုများပြားကြောင်း သိရှိနိုင်ရန် ဖြစ်ပါသည်)
- ပူးတွဲစိုက်ပျိုးရေးအစီအစဉ်များ အရေအတွက် (စီမံချက်သည် ရှိနေပြီးသားလူထုကြား တစ်ကွဲတစ်ပြား ဖြစ်နေမှုများကို ဆက်လက်ရှိနေစေသလား သို့မဟုတ် ပေါင်းစည်းပေးနိုင်သလား ဆိုသည် ကို မျက်ခြည်မပြတ် စောင့်ကြည့်ရန်ဖြစ်သည်)

အားပေးနိုင်သော အခွင့်အလမ်းတစ်ခုရှိကြောင်းတွေ့ရှိရပါက စီမံချက်လုပ်ငန်းများကို သင့်လျော်သလို ပြောင်းလဲပြင်ဆင်ပေးပါ။

စောင့်ကြည့်လေ့လာမှုနှင့် ပြန်လည်သုံးသပ်အကဲဖြတ်မှု လုပ်ငန်းများကိုလည်း အခြားလုပ်ငန်းများနည်းတူ သဘောထားသင့်ပြီး ပတ်ဝန်းကျင်အခြေအနေကို သတိပြုနားလည်မှုဖြင့် ဂရုတစိုက်လုပ်ဆောင်သင့်ပါသည်။ ညွှန်ကိန်းများဖြင့် စောင့်ကြည့်လေ့လာမည့်အစီအစဉ်ကို ရေးဆွဲရာတွင် အခြေအနေဆန်းစစ်လေ့လာချက်ကို ထည့်သွင်းစဉ်းစားရပါမည်။ စောင့်ကြည့်လေ့လာမှုပြုသည့် အခါတွင်လည်း ဆိုးကျိုးသက်ရောက်မှုများ မဖြစ်စေရန် ပဋိပက္ခကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရပါမည်။

- **အဆင့် ၆ –** စီမံချက်နှင့် အခြေအနေများကြား အကျိုးသက်ရောက်မှုများမှ နောက်ဆက်တွဲဆိုးကျိုးများ မဖြစ် ပေါ်စေရန်နှင့် ကောင်းကျိုးရလဒ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အလို့ငှာ အညွှန်းကိန်းများ အတွက် စုဆောင်းရရှိသော သတင်းအချက်အလက်များကို အသုံးပြုကာ စီမံချက်လုပ်ငန်းများ၊ လုပ်ငန်းအစီအစဉ်များနှင့် ရည်ရွယ်ချက်များကို ညှိနှိုင်းပြင်ဆင်ပေးပါ။

ဥပမာ – နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသောသူများ မူရင်းကျေးရွာသို့ ပြန်လာသောအခါ ထိုသူများအတွက် စိုက်ပျိုးရေးသွင်းအားစုများ (မျိုးစေ့များ၊ စိုက်ပျိုးရေးကိရိယာပစ္စည်းများနှင့် သင်တန်းများ) ကို ပံ့ပိုးပေးရန် ရေးဆွဲထားသော စီမံချက်။

**အဆင့် ၁ – အခြေအနေဆန်းစစ်လေ့လာချက်**

အခြေအနေဆန်းစစ်လေ့လာချက်တွင် နေရပ်ပြန်လာသူများကို လက်ခံနေရာပေးရသည့် ရပ်ရွာလူထုမှ သဘောမကျ သည်ကို တွေ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူများသည် ၎င်းတို့ရပ်ရွာအတွက် ဂန်ထုပ်ဂန်ပိုးများ ဖြစ်လာပြီး နည်းပါးနေပြီဖြစ်သည့် အရင်းအမြစ်များ (ဥပမာ လယ်ယာမြေများ)နှင့် အခွင့်အလမ်းများကို ယှဉ်ပြိုင်သုံးစွဲသွားလိမ့်မည်ဟု ယူဆသောကြောင့်ဖြစ်ပါသည်။ ထို့ပြင် လူငယ်များသည် တက်ကြွပြီး စည်းရုံးလှုပ်ရှားနိုင်ကြောင်းလည်း တွေ့ရှိရပါသည်။

**အဆင့် ၂ – အခြေအနေညွှန်ကိန်းများ**

- သဘာဝသယံဇာတများနှင့်စပ်လျဉ်း၍ ဒေသန္တရအဆင့်တွင် ဖြစ်ပွားသော အငြင်းပွားမှုများ အရေအတွက်
- လူထုအခြေပြုအဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ်ပါဝင်သည့် လူငယ်များ %

**အဆင့် ၃ – အပြန်အလှန်သက်ရောက်မှုဖြစ်နိုင်သော နေရာများ (Interaction Points)**

- နေရပ်ပြန်လာသူများသာ အကူအညီထောက်ပံ့မှုများကို ရရှိပါက ယင်းသည် အခြေအနေ (လက်ခံထားရသော ရပ်ရွာလူထုများ၏ ရန်လိုမှုများ တိုးလာနိုင်၊ သဘာဝသယံဇာတများနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများ တိုးလာနိုင်၊ စသည်) နှင့် စီမံချက် (စီမံချက်ကို ကန့်ကွက်ခြင်းနှင့် ဆန့်ကျင်ခြင်း၊ စီမံချက်ဝန်ထမ်းများ၏ လုံခြုံရေးကို အန္တရာယ်ပြုခြင်း) အပေါ် သက်ရောက်မှုရှိနိုင်ပါသည်။
- လူငယ်များကို ငြိမ်းချမ်းရေးတည်ဆောက်မှုသင်တန်းများတွင် ပါဝင်တက်ရောက်စေလျှင်၊ လူထု လှုပ်ရှားမှုများဖြစ်သည့် အားကစားပွဲများနှင့် အနုပညာလှုပ်ရှားမှုများကို စီစဉ်ကျင်းပနိုင်အောင် ကူညီပံ့ပိုးပေးလျှင် အခြေအနေ (အပြန်အလှန် ထိတွေ့မှုများ တိုးပွားလာ၊ ယုံကြည်မှုတိုးလာ) နှင့် စီမံချက် (ချောမွေ့စွာ အကောင်အထည်ဖော်နိုင်) အပေါ် သက်ရောက်မှုရှိနိုင်ပါသည်။

အပြန်အလှန်သက်ရောက်မှုရှိနိုင်သည့်နေရာများကို သတ်မှတ်ပြီးသောအခါ ဆိုးကျိုးဖြစ်စေနိုင်သော အပြန်အလှန် သက်ရောက်မှုများကို အနည်းဆုံးလျော့ချနိုင်ရန်နှင့် ကောင်းကျိုးဖြစ်စေနိုင်သော အပြန်အလှန်သက်ရောက်မှုများကို အများဆုံးဖြစ်စေရန်ရည်ရွယ်လျက် စီမံချက်ဒီဇိုင်းနှင့် လုပ်ငန်းများကို ရေးဆွဲနိုင်ပါသည်။

**အဆင့် ၄ – အပြန်အလှန်သက်ရောက်မှုညွှန်ကိန်းများ**

- စိုက်ပျိုးရေးသွင်းအားစုများကို လက်ခံရရှိသော နေရပ်ပြန်လာသူများနှင့် လက်ခံနေရာပေးထားသော လူမှုအသိုင်းအဝိုင်းများ အချိုးအစား
- လူငယ်များဦးဆောင်သော လူထုလှုပ်ရှားမှုအရေအတွက်
- ရပ်ရွာလူထုလှုပ်ရှားမှုများကြောင့် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုများတိုးတက်လာသည်ဟု ပြောသူ % (နေရပ်ပြန်လာသူများနှင့် လက်ခံထားသောရပ်ရွာလူထုများအလိုက် အချက်အလက်များကို သီးခြားစီ ခွဲခြားကောက်ယူရန်)

**အဆင့် ၅ – စောင့်ကြည့်လေ့လာခြင်း**

**အဆင့် ၆ – ညှိနှိုင်းပြင်ဆင်ခြင်းများ**

ဥပမာ – မတူညီသောတိုင်းရင်းသားလူမျိုးစုများကြား ကာလရှည်ကြာ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေသည့် ဒေသတစ်ခုတွင် အသေးစားမွေးမြူရေးခြံများကို လူထုမှ စီမံလုပ်ကိုင်နိုင်စွမ်းရှိလာအောင် စွမ်းရည်မြှင့်ပေးသော စီမံချက်။

### အဆင့် ၁ – အခြေအနေလေ့လာဆန်းစစ်ချက်

ထိုစီမံချက်အား ဆောင်ရွက်မည့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုဂန်ကြီးဌာနသည် အခြေအနေလေ့လာဆန်းစစ်ချက်တစ်ရပ်ကို ပြုလုပ်ရာ စည်ပင်သာယာနယ်မြေတစ်ခု၏ ဆင်ခြေဖုံးတွင်နေထိုင်သော ဘာသာရေးလူနည်းစု အုပ်စုတစ်စုသည် လူများစုကဲ့သို့ မြေယာကို လက်လှမ်းမီအသုံးပြုနိုင်မှု၊ ပိုင်ဆိုင်မှု မရှိသည်ကို တွေ့ရပါသည်။ မြေယာနှင့် အခြားသဘာဝအရင်းအမြစ်များနှင့်စပ်လျဉ်း၍ ထိုအုပ်စုနှစ်စုကြား တင်းမာမှုများ ရှိနေသည်ကို တွေ့ရပါသည်။ ထို့ပြင် ထိုရပ်ရွာလူမှုအသိုင်းအဝိုင်းနှစ်ခုစလုံးတွင် ကျားမအခြေပြုအကြမ်းဖက်မှုများဖြစ်ပွားမှု မြင့်မားနေသည်ကိုလည်း အခြေအနေဆန်းစစ်လေ့လာချက်က ဖော်ပြနေပါသည်။

### အဆင့် ၂ – အခြေအနေညွှန်ပြကိန်းများ

- စည်ပင်သာယာနယ်မြေအတွင်းရှိ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများနှင့် ပိုင်ဆိုင်ပစ္စည်း အဆောက်အအုံများကို တိုက်ခိုက်မှုများအပါအဝင် အကြမ်းဖက်မှုဖြစ်ရပ်အရေအတွက်
- စည်ပင်သာယာနယ်မြေအတွင်းရှိ မြေအငြင်းပွားမှုအရေအတွက်
- အမျိုးသမီးများနှင့်မိန်းကလေးငယ်များကြား ဘေးကင်းလုံခြုံရေးနှင့်စပ်လျဉ်းသည့်အမြင်
- ရပ်ရွာလူထုအသိုင်းအဝိုင်းနှစ်ခုမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသော အစည်းအဝေးအရေအတွက်

### အဆင့် ၃ – အပြန်အလှန်တုံ့ပြန်သက်ရောက်မှုဖြစ်ပွားရာနေရာများ (Interaction Points)

- အကျိုးခံစားခွင့်ရှိသူများကိုရွေးချယ်ရာတွင် အဓိကစံသတ်မှတ်ချက်အဖြစ် မြေပိုင်ဆိုင်မှုရှိရမည်ဟု သတ်မှတ်လိုက်မည်ဆိုလျှင် လူများစုအုပ်စုသည်သာ စီမံချက်မှ အကျိုးကျေးဇူးများကို ရရှိခံစားရမည်ဖြစ်ပြီး ရပ်ရွာတွင်းရှိလူအားလုံးထံသို့ ရောက်ရှိမည်မဟုတ်ပါ။ ဤအချက်သည် အခြေအနေ (အုပ်စုတစ်စုသည် ထပ်မံဖယ်ကြဉ်ခံရခြင်း၊ အငြင်းပွားမှုများ ပိုဆိုးလာခြင်း၊ တင်းမာမှုများ တိုးလာခြင်း၊ စသည်) နှင့် စီမံချက် (ဦးတည်အုပ်စုများထံသို့ ရောက်ရှိနိုင်မှု အားနည်းခြင်း၊ ကန့်ကွက်မှုများနှင့် ဆန့်ကျင်မှုများ၊ စီမံချက် နှောင့်နှေးမှုများ၊ စသည်) အပေါ် သက်ရောက်မှုရှိနိုင်ပါသည်။
- စီမံချက်မှ သင်တန်းအစီအစဉ်များ ကျင်းပလျှင် ထိုသင်တန်းများတွင် လူများစုဘာသာရေးအုပ်စုမှသာ ကြီးစိုးနေနိုင်ခြေရှိပါသည်။ လူများသည် ၎င်းတို့၏ လုံခြုံရေးကို စိုးရိမ်ပူပန်ကာ သင်တန်းများသို့ တက်ရောက်လိမ့်မည်မဟုတ်ပါ။ ယင်းသည် အခြေအနေ (တင်းမာမှုများ တိုးပွားလာခြင်း) နှင့် စီမံချက် (သင်တန်း၏ ထိရောက်မှုလျော့နည်းခြင်း၊ သင်တန်းမရရှိသည့်အတွက် မွေးမြူရေးလုပ်ငန်းများ၏ ထိရောက်မှုလျော့နည်းခြင်း) အပေါ် သက်ရောက်နိုင်ပါသည်။
- အမျိုးသမီးများသည် ကျားမအခြေပြုအကြမ်းဖက်မှုခံရနိုင်သည့် အန္တရာယ်ရှိသောကြောင့် စီမံချက် လုပ်ငန်းများ (လူထုအစည်းအဝေးများ၊ သင်တန်း၊ စသည်) တွင် ပါဝင်ဆောင်ရွက်ကြမည်မဟုတ်ပါ။ ယင်းသည် စီမံချက်ပေါ်တွင် (ဦးတည်အုပ်စုထံသို့ ရောက်ရှိမှု အားနည်း) သက်ရောက်နိုင်ပါသည်။
- နှစ်ဘက်စလုံးမှ အမျိုးသမီးများသည် ကျားမအခြေပြုအကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများ ရှိနေကြပြီး ၎င်းတို့၏ ဘေးကင်းလုံခြုံရေးနှင့် ဘဝသာယာရေးကို တိုးတက်စေလိုသော တူညီသည့် လိုလားချက်လည်း ရှိပါသည်။

အပြန်အလှန်သက်ရောက်မှုရှိနိုင်သည့်နေရာများကို သတ်မှတ်ပြီးသောအခါ ဆိုးကျိုးဖြစ်စေနိုင်သော အပြန်အလှန် သက်ရောက်မှုများကို အနည်းဆုံးလျော့ချနိုင်ရန်နှင့် ကောင်းကျိုးဖြစ်စေနိုင်သော အပြန်အလှန်သက် ရောက်မှုများကို အများဆုံးဖြစ်စေရန်ရည်ရွယ်လျက် စီမံချက်ဒီဇိုင်းနှင့် လုပ်ငန်းများကို ရေးဆွဲနိုင်ပါသည်။

**အဆင့် ၄ – အပြန်အလှန်သက်ရောက်မှုညွှန်ကိန်းများ**

- မြေခွဲဝေချထားပေးမှုလုပ်ထုံးလုပ်နည်းများ ထားရှိအသုံးပြုနေမှု
- သင်တန်းတက်ရောက်သူ အရေအတွက်၊ လူမှုအသိုင်းအဝိုင်းအလိုက် အချက်အလက်များ ခွဲခြားကောက်ခံရန်
- လူထု၏ ဘေးကင်းရေးနှင့် လုံခြုံရေးအပေါ် အမြင်များ၊ လူမှုအသိုင်းအဝိုင်းအလိုက် အချက်အလက်များခွဲခြားကောက်ခံရန်
- အမျိုးသမီးများ ပူးတွဲပိုင်ဆိုင်သည့် မွေးမြူရေးလုပ်ငန်းအရေအတွက်

**အဆင့် ၅ – စောင့်ကြည့်လေ့လာခြင်း**

**အဆင့် ၆ – ညှိနှိုင်းပြင်ဆင်ခြင်းများ**

## ၂–၃။ ညွှန်ကိန်းများအသုံးပြုခြင်း၏ ကန့်သတ်ချက်များ


စီမံချက် သို့မဟုတ် အစီအစဉ်တစ်ခုသည် ပဋိပက္ခကို သတိပြုနားလည်မှု ရှိမရှိ ဆန်းစစ်ရာတွင် ညွှန်ကိန်းများသည် အလွန်အသုံးဝင်ပါသည်။ သို့သော် ၎င်းတို့တွင် ကန့်သတ်ချက်များ ရှိပါသည် –

က) ညွှန်ကိန်းများသည် ပြောင်းလဲမှုကိုဖြစ်စေသည့်အရာနှင့်စပ်လျဉ်း၍ အရာရာတိုင်းကို မဖော်ပြနိုင်ပါ။ ဥပမာ စီမံချက်အကောင်အထည်ဖော်နေစဉ်အတွင်း အကြမ်းဖက်မှုဖြစ်ပွားခြင်းကို တိုင်းတာသော ညွှန်ကိန်းတစ်ခုသည် ထိုအကြမ်းဖက်မှုသည် စီမံချက်ကြောင့် ဖြစ်ပွားခြင်း ဟုတ်၊ မဟုတ်ကိုမူ မဖော်ပြနိုင်ပါ။ ထို့ကြောင့် ညွှန်ကိန်းများမှ ညွှန်ပြသည်များနှင့်စပ်လျဉ်း၍ အဓိပ္ပါယ်ပြန်ဆိုကောက်ယူရာတွင် များစွာ သတိထားရန် လိုအပ်ပါသည်။

ခ) အခြေအနေလေ့လာဆန်းစစ်ချက်တွင် စီမံချက်မှ အစီအစဉ်ရေးဆွဲထားသောလုပ်ငန်းများနှင့်အခြေအနေကြား အပြန်အလှန်သက်ရောက်မှုများ ဖြစ်ပေါ်နိုင်ခြေရှိသည့် နေရာအများအပြား (ကောင်းသော တုံ့ပြန်သက်ရောက်မှုနှင့် ဆိုးသောတုံ့ပြန်သက်ရောက်မှုကို တွေ့ရှိကောင်း တွေ့ရှိနိုင်ပါသည်။ စီမံချက်ကို ပြန်လည်ပြင်ဆင် ညှိနှိုင်းရာတွင် ထိုအပြန်အလှန်သက်ရောက်မှု ညွှန်ကိန်းများအားလုံးကို တုံ့ပြန်ပြင်ဆင် ရန် မဖြစ်နိုင်သလို အပြန်အလှန်သက်ရောက်မှုညွှန်ကိန်းများအားလုံးကို စောင့်ကြည့်လေ့လာဖို့လည်း မဖြစ်နိုင်ပါ။ ဤသို့ဆိုလျှင် ညွှန်ကိန်းများထဲမှ အရေးအကြီးဆုံးနှင့် စောင့်ကြည့်လေ့လာသင့်သည့် ညွှန်ကိန်းများကို ဆုံးဖြတ်ရွေးချယ်သင့်ပါသည်။

ဂ) ညွှန်ကိန်းများ၏သဘာဝအရ ၎င်းတို့သည် ကြိုတင်ခန့်မှန်းနိုင်သော သို့မဟုတ် ရည်မှန်းထားသော အပြောင်းအလဲများကိုသာ တိုင်းတာနိုင်ပါသည်။ သို့သော် စီမံချက်တစ်ခုသည် ကြိုတင်မျှော်မှန်း၍ မရသော၊ ရည်မှန်းမထားသော ပြောင်းလဲမှုများမှ တစ်ဆင့်လည်း ဆိုးကျိုးများကို ဖြစ်ပေစေနိုင်ပါသည်။ ထိုပြောင်း လဲမှုများကို လက်ဦးမှုရယူကာ တိုင်းတာနိုင်ဖို့ဆိုသည်မှာ များသောအားဖြင့် မဖြစ်နိုင်ပါ။ ထို့ကြောင့် ပဋိပက္ခကိုသတိပြုနားလည်မှုညွှန်ကိန်းများအပြင် စီမံချက်နှင့် ပါဝင်ဆက်စပ် ပတ်သက်သူများထံမှ ထင်မြင်ချက်များ၊ တုံ့ပြန်အကြံပြုချက်များကို ထိရောက်စွာ စဉ်ဆက်မပြတ်ရယူနေသည့် ဆက်သွယ်ရေးလမ်းကြောင်းများ ထားရှိဖို့လည်း အရေးကြီးပါသည်။ ထိုဆက်သွယ်ရေးလမ်းကြောင်းများသည် ပုံစံအမျိုးမျိုး ရှိနိုင်ပါသည်။ ဥပမာ –

- စီမံချက်၏ အကျိုးခံစားခွင့်ရှိသူများနှင့် အခြားပါဝင်ဆက်စပ်ပတ်သက်သူများ အချိန်မရွေး ဖုန်းခေါ်ဆိုကာ တုံ့ပြန်အကြံပြုချက်များပေးနိုင်မည့် ဖုန်းနံပါတ်တစ်ခု
- အကျိုးခံစားခွင့်ရှိသူများနှင့်အခြားသူများမှအမည်မဖော်ဘဲ ထင်မြင်ချက်များ၊ အကြံပြုချက်များ ပေးနိုင်ရန် လက်လှမ်းမီသည့် နေရာများတွင် ထားရှိပေးသည့် အကြံပေးစာပုံးများ



- အကျိုးခံစားခွင့်ရှိသူများနှင့် အခြားသူများထံမှ တုံ့ပြန် အကြံပြုချက်များ ရယူရန်အတွက် လူထုအကြံပြု အလုပ်ရုံ ဆွေးနွေးပွဲများ သို့မဟုတ် တစ်ဦးချင်း တွေ့ဆုံဆွေးနွေး ပွဲများ
- အကျိုးခံစားခွင့်ရှိသူများနှင့် အခြားသူများမှ နောက် ဆက်တွဲ ဆက်လက်ဆောင်ရွက်မှုများအတွက် သတင်းစကားများ ပေးပို့နိုင်မည့် လူမှုမီဒီယာအုပ်စုတစ်စု


ညွှန်ကိန်းများအတွက် စုဆောင်းကောက်ယူသော သတင်းအချက်များကဲ့သို့ပင် ဤလုပ်ထုံးလုပ်နည်းများ မှ ရရှိသော ထင်မြင်ချက်များ၊ အကြံပြုချက်များကိုလည်း ဆန်းစစ်အကဲဖြတ်သင့်ပြီး စီမံချက်လုပ်ငန်းများ၊ လုပ်ငန်း အစီအစဉ်များ၊ စသည်အား လိုအပ်သလို ညှိနှိုင်းပြင်ဆင်မှု များ ပြုလုပ်သင့်ပါသည်။ တုံ့ပြန်အကြံပြုမှုများလက်ခံရရှိပြီး နောက်တွင် မည်သည့်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်းကို ပြန်လည်အသိပေးခြင်းသည် အလေ့အထကောင်းတစ်ခု ဖြစ်ပါသည်။ ထိုသို့မဟုတ်လျှင် ပါဝင်ဆက်စပ်ပတ်သက်သူများသည် တုံ့ပြန်အကြံပြုမှု လုပ်ထုံးလုပ်နည်းများကို စိတ်ပျက်ကာ ဆက်လက်ပါဝင်တော့မည်မဟုတ်ပါ။


### ထပ်မံဖတ်ရှုလေ့လာနိုင်သည့် အရင်းအမြစ်များ

- Search for Common Ground, Designing for results, Chapter 4 http://dmeforpeace.org/sites/default/files/SFCG_Designing%20for%20Results_Ch4.pdf
- DFID, Monitoring and evaluating conflict sensitivity https://www.gov.uk/government/uploads/system/uploads/attachment_data/file/304611/Mon–eval–conflict–sensitivity–challenges–practical–solutions.pdf
- How to guide to conflict sensitivity, Chapter 2, Conflict sensitivity in the programme cycle http://local.conflictsensitivity.org/wp–content/uploads/2015/04/6602_HowToGuide_CSF_WEB_3.pdf

အပိုင်း ၂။

# မြန်မာနိုင်ငံရှိ ပဋိပက္ခကိုသတိပြုနားလည်သော ဒေသန္တရနှင့်ရပ်ရွာ ဖွံ့ဖြိုးရေးအတွက် ညွှန်ကိန်းများစာရင်း






ညွှန်ကိန်းများစာရင်းသည် UNDP မှ ကူညီပံ့ပိုးပေးလျက် ရှိသော ဂန်ကြီးဌာနပေါင်းစုံပါဝင်သည့် ပဋိပက္ခကိုသတိပြု နားလည်သော ဒေသန္တရနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လေ့လာမှုအဖွဲ့မှ မူကြမ်းရေးထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးမှုအဖွဲ့အစည်းများမှ လက်ရှိအသုံးပြုနေသည့် သင့်တော်ရာညွှန်ကိန်းများနှင့် တူညီသည့် အခြေအနေ ရှိသော နိုင်ငံများမှ သင့်တော်ရာညွှန်ကိန်းများကို ရယူထားခြင်း ဖြစ်ပါသည်။

ညွှန်ကိန်းများကို စုစည်းကာ စာရင်းတစ်ခုအဖြစ် ပြုစုထားပြီး မြန်မာနိုင်ငံရှိ ဒေသန္တရသို့မဟုတ် ရပ်ရွာဖွံ့ဖြိုး တိုးတက်မှု အစီအစဉ်များအတွက် ဒီဇိုင်းပုံစံရေးဆွဲခြင်း၊အကောင်အထည် ဖော်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း တို့ ပြုလုပ်သောအခါတွင် အစိုးရဂန်ကြီးဌာနများ၊ အစိုးရ မဟုတ်သော လုပ်ဆောင်သူများ၊ အလှူရှင်များ၊ UN အဖွဲ့ အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့ အစည်းများမှ ညွှန်ကိန်းအမျိုးမျိုးကို သင့်လျော်သလို အသုံး ပြုရန်/ပေါင်းစပ် ထည့်သွင်းရန်အတွက် လမ်းညွှန်တစ်ခု သို့မဟုတ် အဆိုပြုလွှာတစ်ခုလည်း ဖြစ်ပါသည်။

ဤစာရင်းတွင် ညွှန်ကိန်းများအားလုံး ပါဝင်ပြီဟု မဆိုနိုင်ပါ။ ထို့ပြင် တင်ပြထားသော ညွှန်ကိန်းများသည် စီမံချက် စာတမ်းများအတွင်း အသင့်ကူးယူကာ ထည့်သွင်းသင့်သော "အပြီးသတ်" ကုန်ချောများအဖြစ်ထက် ဒေသန္တရနှင့် ရပ်ရွာ ဖွံ့ဖြိုးရေးစီမံချက်များတွင် ပဋိပက္ခကိုသတိပြုနားလည်မှုအား ကျင့်သုံးရာ၌ အထောက်အကူ ဖြစ်စေမည့် ညွှန်ကိန်းများကို ပြုစုနိုင်ရန်အတွက် ထည့်သွင်းစဉ်းစားနိုင်သည်များကို အကြံပြုတင်ပြရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။ ဥပမာ ညွှန်ကိန်းအများအပြားတွင် အချက်အလက်များကို မည်သို့ ခွဲခြားကောက်ယူရမည်ဆိုသည့် (ဥပမာ– ကျား/မ၊ အသက်အရွယ်၊ စသည်) အကြံပြုချက်များ ပါဝင်ပါသည်။ အောက်တွင် ဖော်ပြထားသော ညွှန်ကိန်းများကို အသုံးပြုကာ မိမိတို့ လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေ၊ စီမံချက် တို့နှင့် သင့်လျော်ကိုက်ညီသည့် ညွှန်ကိန်းများ ဖြစ်လာစေရန် ပြင်ဆင်၊ ပြောင်းလဲ သို့မဟုတ် ပိုမိုအသေးစိတ်ပြုစုရန်မှာ စီမံချက်မှ တာဝန်ရှိသူများ၏ တာဝန်ဖြစ်ပါသည်။ တင်ပြထားသော ညွှန်ကိန်းများကို ပိုမိုကောင်းမွန်အောင် ပြုစုနိုင်ရန် အကြံပြုချက်များ ပေးပို့မည်ဆိုပါက ကြိုဆိုပါ သည်။ အကြံပြုချက်များ ပေးပို့ကြရန်လည်း တိုက်တွန်း လိုပါသည်။

ညွှန်ကိန်းစာရင်းတွင် စီမံချက်နှင့် စီမံချက်ဆောင်ရွက်ရန် ရွေးချယ်ထားသော နေရာဒေသ၊ အကျိုးခံစားခွင့်ရှိသူများ၊ ပါဝင်ဆက်စပ်ပတ်သက်သူများ၊ အဖွဲ့အစည်းစနစ်များကြား နှစ်လမ်းသွား အပြန်အလှန်သက်ရောက်မှုကို တိုင်းတာရန် အတွက် အပြန်အလှန်သက်ရောက်မှုညွှန်ကိန်းများ (interaction indicators) ရော၊ တိုက်ရိုက်ဆက်စပ်နေသော အခြေအနေနှင့် ပိုမိုကျယ်ပြန့်သော နောက်ခံအခြေအနေရှိ ငြိမ်းချမ်းရေး/ပဋိပက္ခ အခြေအနေအပြောင်းအလဲများကို စောင့်ကြည့်လေ့လာနိုင်သည့် အခြေအနေညွှန်ပြကိန်းများ (context indicators) ပါ ပါရှိပါသည်။

စာရင်းတွင် ဖော်ပြထားသော ညွှန်ကိန်းများထဲတွင် ဒေသန္တရ နှင့်ရပ်ရွာဖွံ့ဖြိုးရေးစီမံချက်များအတွက် နည်းပညာနှင့် အစီအစဉ်ညွှန်ကိန်းများ (technical and programme indicators) (ဥပမာအသက်မွေးမှုလုပ်ငန်း၊ အခြေခံ အဆောက်အအုံ၊ သက်မွေးမှုပညာသင်တန်းများ၊ စသည်) မပါဝင်ပါ။ ထိုညွှန်ကိန်းများကို သက်ဆိုင်ရာစီမံချက် အလိုက် ဆုံးဖြတ်သတ်မှတ်ရန် လိုအပ်ပါသည်။

စောင့်ကြည့်လေ့လာမှုနှင့်ပြန်လည်သုံးသပ်အကဲဖြတ်မှု၊ အခြား သောစီမံချက်လုပ်ငန်းများအားလုံးနည်းတူ အချက်အလက် များကောက်ယူစုဆောင်းရာတွင် ပါဝင်သည့်လူများ အန္တရာယ် မကျရောက်စေရန် အလေးဂရုပြုဆောင်ရွက်သင့်ပါသည်။

### စီမံချက်/အပြန်အလှန်သက်ရောက်မှု ညွှန်ကိန်းများ (Project/Interaction Indicators)
### စီမံချက်ဒီဇိုင်းနှင့် ဆန်းစစ်လေ့လာမှု

- စီမံချက်ဖြစ်နိုင်ခြေနှင့် လိုအပ်ချက်များဆန်းစစ်မှုတွင် အခြေအနေ/ပဋိပက္ခလေ့လာဆန်းစစ်ချက်ကို ထည့်သွင်းထားခြင်း
- ဆက်စပ်ပတ်သက်သူများ ပါဝင်သည့် ပဋိပက္ခဆန်းစစ်လေ့လာမှုတစ်ခုကို ဆောင်ရွက်ခြင်း
- စီမံချက်အကောင်အထည်ဖော်စဉ်အတွင်း အခြေအနေ/ပဋိပက္ခ ဆန်းစစ်လေ့လာမှု ပြုလုပ်သည့်အကြိမ်အရေအတွက်
- အခြေအနေ/ပဋိပက္ခ ဆန်းစစ်လေ့လာမှုတစ်ခုအရ စီမံချက်ဒီဇိုင်းကို ပြန်လည်ပြင်ဆင်သည့် အကြိမ်အရေအတွက်
- ပဋိပက္ခဆန်းစစ်လေ့လာမှုအကြောင်း လေ့ကျင့်သင်တန်းပေးထားသော ဝန်ထမ်းများ၊ မိတ်ဖက်များနှင့် ပါဂင်ဆက်စပ်ပတ်သက်သူများ အရေအတွက် (အချက်အလက်များကို အုပ်စုအလိုက်ခွဲခြားကောက်ယူရန်၊ အောက်ဖော်ပြပါ မှတ်စုကို ကြည့်ရန်)
- စီမံချက်ဒီဇိုင်းတွင် ဆိုးကျိုးမဖြစ်စေမှု (Do No Harm) နှင့်/သို့မဟုတ် ငြိမ်းချမ်းရေးကို အားပေးမြှင့်တင်မှုဆိုင်ရာ နည်းဗျူဟာ x ပါဝင်ခြင်း

### တိုင်ပင်ဆွေးနွေးမှုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု

- ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးမှုအတွက် ဦးစားပေးရမည့်ကိစ္စများ/ စီမံချက်ကို မည်သို့အကောင်အထည်ဖော်မည်/ အကျိုးခံစားခွင့်ရှိသူများကို မည်သို့ရွေးချယ်မည် (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်)ဆိုသည်တို့နှင့်စပ်လျဉ်း၍ ကျင်းပသည့် စီမံချက်ဦးတည် ဒေသများရှိ ရပ်ရွာလူထုများနှင့် တိုင်ပင်ဆွေးနွေးမှုများ အရေအတွက် (အချက်အလက် များ အုပ်စုအလိုက်ခွဲခြားကောက်ယူရန်)
- ဒေသန္တရနှင့်ရပ်ရွာဖွံ့ဖြိုးမှုအတွက် ဦးစားပေးရမည့်ကိစ္စများ/ စီမံချက်ကို မည်သို့အကောင်အထည်ဖော်မည်/ အကျိုးခံစားခွင့်ရှိသူများကို မည်သို့ ရွေးချယ်မည် (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) ဆိုသည် တို့နှင့်စပ်လျဉ်း၍ ကျင်းပသည့် စီမံချက်ဦးတည် ဒေသများရှိ အမျိုးသမီးများ/ လူငယ်များ/ သက်ကြီး ရွယ်အိုများ/ မသန်စွမ်းသူများ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) နှင့် သီးခြား အုပ်စုများဖွဲ့ကာ တိုင်ပင်ဆွေးနွေးမှု အရေအတွက် (အချက်အလက်များ အုပ်စုအလိုက်ခွဲခြားကောက်ယူရန်)
- စီမံချက်ဦးတည်ဒေသများမှ တိုင်ပင်ဆွေးနွေးမှုတွင် ပါဝင်ခဲ့သူများ အရေအတွက် (အချက်အလက်များ အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)
- စီမံချက်နှင့်စပ်လျဉ်း၍ လုံလောက်စွာ တိုင်ပင်ဆွေးနွေးခြင်းခံခဲ့ရသည်ဟု ခံစားရကြောင်း ပြောပြသည့် စီမံချက်ဦးတည်ဒေသများမှ လူ % (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)
- စီမံချက်ကိုသိရှိကြောင်းပြောပြသည့် စီမံချက်ဦးတည်ဒေသများမှ လူ % (အချက်အလက်များအုပ်စုအလိုက် ခွဲခြား ကောက်ယူရန်)
- စီမံချက်၏ ရည်ရွယ်ချက်များ/ အကောင်အထည်ဖော်မှုနည်းဗျူဟာ/ အကျိုးခံစားခွင့်ရှိသူ ရွေးချယ်မှု (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) နှင့်စပ်လျဉ်း၍ နားလည်သိရှိကြောင်း ပြောပြသူ စီမံချက်ဦးတည်ဒေသများမှလူ %

(အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

- စီမံချက်ဦးတည်ဒေသများမှ/ရှိ အစိုးရအဖွဲ့အစည်းများ/ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ/ CSO များ/ CBO များ/ ပုဂ္ဂလိက ကဏ္ဍ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) နှင့် ကျင်းပခဲ့သည့် တိုင်ပင်ဆွေးနွေးမှုများ အရေအတွက် (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)

- စီမံချက်အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ စီမံချက်ဦးတည်ဒေသများမှ/ရှိ အစိုးရအဖွဲ့အစည်းများ/ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ/ CSO များ/CBO များ/ ပုဂ္ဂလိက ကဏ္ဍ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) နှင့် သဘောတူညီချက်ရရှိမှု (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြား ကောက်ယူရန်)

- စီမံချက်နှင့်စပ်လျဉ်း၍ လုံလောက်စွာတိုင်ပင်ဆွေးနွေးခြင်းခံရသည်ဟု ယူဆကြောင်း ပြောပြသည့် စီမံချက် ဦးတည်ဒေသများမှ/ရှိ အစိုးရအဖွဲ့အစည်းများ/ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ/ CSO များ/ CBO များ/ ပုဂ္ဂလိက ကဏ္ဍ % (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)

- စီမံချက်၏ ရည်ရွယ်ချက်များ/ အကောင်အထည်ဖော်မှုနည်းဗျူဟာ/ အကျိုးခံစားခွင့်ရှိသူ ရွေးချယ်မှု (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) နှင့်စပ်လျဉ်း၍ နားလည်သိရှိကြောင်း ပြောပြသည့် စီမံချက်ဦးတည်ဒေသများမှ/ ရှိ အစိုးရအဖွဲ့အစည်းများ/ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ/ CSO များ/CBO များ/ ပုဂ္ဂလိက ကဏ္ဍ % (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)

- စီမံချက်အကြောင်းအသိပေးခဲ့သော တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် နိုင်ငံအဆင့်မှ အစိုးရအဖွဲ့အစည်းများ/ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ/ အလှူရှင်များ/ ဖွံ့ဖြိုးမှုမိတ်ဖက်များ အရေအတွက် (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

- စီမံချက်ဦးတည်ဒေသတွင် လူထုတိုင်ပင်ဆွေးနွေးပွဲများ ကျင်းပပြုလုပ်သည့် ကြိမ်နှုန်း (ဥပမာ တစ်လ တစ်ကြိမ်၊ သုံးလတစ်ကြိမ်၊ စသည်)

- စီမံချက်ဦးတည်ဒေသတွင် ပါဝင်ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးပွဲများ ကျင်းပပြုလုပ်သည့် ကြိမ်နှုန်း (ဥပမာ တစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ်၊ စသည်)

- စီမံချက်အကောင်အထည်ဖော်နေသူများသည် နိုင်ငံအဆင့်/ ဒေသန္တရအဆင့်/ ကဏ္ဍအဆင့် (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) ရှိ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များတွင် ပါဝင်တက်ရောက်နေခြင်း

- ကြားနေသော/ ဘေးကင်းသော/ သွားလာရောက်ရှိရန် လွယ်ကူသော နေရာဒေသများတွင် (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) ကျင်းပနေသော စီမံချက်တိုင်ပင်ဆွေးနွေးပွဲများ

### ရွေးချယ်ခြင်း၊ သာတူညီမျှရှိမှု၊ ထိခိုက်လွယ်မှု၊ ကျေနပ်နှစ်သက်မှု၊ နစ်နာမှု/မကျေနပ်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်း

- စီမံချက်၏ အကျိုးခံစားခွင့်ရှိသူများ အရေအတွက် (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

- ထိခိုက်လွယ်သော သို့မဟုတ် ဘေးဖယ်ခံထားရသော အုပ်စုများမှ စီမံချက်၏ အကျိုးခံစားခွင့်ရှိသူများ အချိုး (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

- အကျိုးခံစားခွင့်ရှိသူများမှ ထင်မြင်ချက်၊အကြံပြုချက်များ ပေးနိုင်သည့် တုံ့ပြန်အကြံပြုမှု လုပ်ထုံးလုပ်နည်း ၊ ယန္တရားများ ထားရှိအသုံးပြုနေမှု

- စီမံချက်ဦးတည်ဒေသများမှ အကျိုးခံစားခွင့်ရှိသူ တုံ့ပြန်အကြံပြုမှုယန္တရားများကို အသုံးပြုသူ အရေအတွက် (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)

- စီမံချက်ဦးတည်ဒေသများမှ ထင်မြင်ချက်၊ အကြံပြုချက်များကို အလွတ်သဘော မျှဝေပေးနေသူ အရေအတွက် (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

- လူထု၏ ထင်မြင်ချက်၊ အကြံပြုချက်များကို တာဝန်ရှိဝန်ထမ်းများမှ တုံ့ပြန်ဆောင်ရွက်ပေးခဲ့သောအကြိမ်အရေအတွက်

- စီမံချက်ဦးတည်ဒေသများမှ တုံ့ပြန်အကြံပြုမှုယန္တရားများကို အသုံးပြုခဲ့သူများထဲမှ တုံ့ပြန်အကြံပြုမှုများကို ကိုင်တွယ်ပုံအား စိတ်ကျေနပ်မှုရှိသည်ဟု ပြောပြသူ % (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြား ကောက်ယူရန်)

- လူများသည် စီမံချက်မှ သာတူညီမျှ အကျိုးကျေးဇူးခံစားရသည်ဟု ယုံကြည်သော စီမံချက်ဦးတည်ဒေသများမှ အကျိုးခံစားခွင့်ရှိသူ % (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

- စီမံချက်တွင် အားလုံးပါဝင်ဆောင်ရွက်နိုင်သည်ဟု ယုံကြည်သော စီမံချက်ဦးတည်ဒေသများမှ အကျိုးခံစား ခွင့်ရှိသူ % (အချက်အလက် များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

- စီမံချက်သည် ပွင့်လင်းမြင်သာမှုရှိသည်ဟု ယုံကြည်သော စီမံချက်ဦးတည်ဒေသများမှ အကျိုးခံစားခွင့်ရှိသူ % (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

- စီမံချက်အကောင်အထည်ဖော်မှုများကို စိတ်ကျေနပ်မှုရှိသည်ဟု ပြောသော စီမံချက်ဦးတည်ဒေသများမှ အကျိုးခံစားခွင့်ရှိသူ % (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)

- စီမံချက်ရလဒ်များကို စိတ်ကျေနပ်မှုရှိသည်ဟု ပြောသော စီမံချက်ဦးတည်ဒေသများမှ အကျိုးခံစားခွင့်ရှိသူ % (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

### ပဋိပက္ခကို လျှော့ချခြင်း/ ငြိမ်းချမ်းရေး မြှင့်တင်အားပေးခြင်း

စီမံချက်ဦးတည်ဒေသများတွင် စီမံချက်မှ ကူညီပံ့ပိုးပေးသော လူမှုအသိုင်းအဝိုင်းများ ပူးပေါင်းဆောင်ရွက်သည့် စီမံချက် လုပ်ငန်းများ အရေအတွက်

- စီမံချက်ဦးတည်ဒေသများတွင် စီမံချက်မှကူညီပံ့ပိုးပေးသော လူမှုအသိုင်းအဝိုင်းများ ပူးပေါင်းပါဝင်သည့် ယန္တရား အရေအတွက်

- စီမံချက်ဦးတည်ဒေသများတွင် စီမံချက်မှ ကူညီပံ့ပိုးပေးသော ပါဝင်ဆက်စပ်ပတ်သက်သူများ ပူးတွဲကျင်းပသည့် အစည်းအဝေး အရေအတွက်

- စီမံချက်ဦးတည်ဒေသများတွင် စီမံချက်မှ ကူညီပံ့ပိုးပေးသော ပါဝင်ဆက်စပ်ပတ်သက်သူများ ပူးတွဲကျင်းပ ပြုလုပ်သည့် စွမ်းရည်မြှင့်တင်မှုနှင့် သင်တန်းများအရေအတွက်

- စီမံချက်ဦးတည်ဒေသများတွင်စီမံချက်မှကူညီပံ့ပိုးပေးသော ရပ်ရွာ/ဒေသန္တရပဋိပက္ခဖြေရှင်းမှုယန္တရားများအရေအတွက်
- စီမံချက်ဦးတည်ဒေသများတွင် စီမံချက်မှ ကူညီပံ့ပိုးပေးသော ရပ်ရွာ/ဒေသန္တရ ငြိမ်းချမ်းရေးကော်မတီများအရေအတွက်
- စီမံချက်မှ ပဋိပက္ခဖြေရှင်းမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့ကို သင်တန်းပေးခဲ့သော စီမံချက်ဦးတည် ဒေသများရှိ ရပ်ရွာများမှ လူအရေအတွက် (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)
- စီမံချက်မှ ပဋိပက္ခဖြေရှင်းမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့ကို သင်တန်းပေးခဲ့သော ဦးတည်ဒေသများမှ စီမံချက်နှင့် ပါဝင်ဆက်စပ်ပတ်သက်သူ အရေအတွက် (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)
- စီမံချက်မှ ကူညီပံ့ပိုးပေးသော သင်တန်းကြောင့် ပဋိပက္ခဖြေရှင်းမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့ကို ပိုမိုနားလည် သိရှိလာသည်ဟု ပြောသော စီမံချက်ဒေသများရှိ ရပ်ရွာများမှ လူ % (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြား ကောက်ယူရန်)
- စီမံချက်မှ ကူညီပံ့ပိုးပေးသော သင်တန်းကြောင့် ပဋိပက္ခဖြေရှင်းမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့ကို ပိုမို နားလည် သိရှိလာသည်ဟုပြောပြသော စီမံချက်ဒေသများမှ ပါဝင်ဆက်စပ်ပတ်သက်သူ %(အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)
- စီမံချက်မှ ကူညီပံ့ပိုးပေးသောသင်တန်းကြောင့် ရပ်ရွာ/ဒေသမှ အငြင်းပွားမှုများကို ဖြေရှင်းရန် ပဋိပက္ခ ဖြေရှင်းမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု အရည်အသွေးများကို အသုံးပြုနိုင်ခဲ့သည်ဟု ပြောပြသော စီမံချက်ဒေသများရှိ ရပ်ရွာများမှ လူ % (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)
- စီမံချက်မှ ကူညီပံ့ပိုးပေးသောသင်တန်းကြောင့် ရပ်ရွာ/ဒေသမှ အငြင်းပွားမှုများကို ဖြေရှင်းရန် ပဋိပက္ခဖြေရှင်းမှု နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု အရည်အသွေးများကို အသုံးပြုနိုင်ခဲ့သည်ဟု ပြောပြသော စီမံချက်ဒေသများမှ ဆက်စပ် ပတ်သက်သူ % (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)
- ဦးတည်ဒေသများတွင် တင်းမာမှုများ လျော့နည်းသွားအောင် စီမံချက်မှ အထောက်အကူပြုသည်ဟု ရှုမြင်ယူဆသော စီမံချက်၏ အကျိုးခံစားခွင့်ရှိသူ % (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)
- ဦးတည်ဒေသများတွင် လူမှုအသိုင်းအဝိုင်းများကြား အပြန်အလှန်ထိတွေ့ဆက်ဆံမှုများ တိုးပွားလာအောင် စီမံချက်မှ အထောက်အကူပြုသည်ဟု ရှုမြင်ယူဆသော စီမံချက်၏ အကျိုးခံစားခွင့်ရှိသူ % (အချက်အလက်များကိုအုပ်စုအလိုက် ခွဲခြားကောက်ယူရန်)
- စီမံချက်လုပ်ငန်းများကြောင့် မတူညီသောအုပ်စုတစ်စု (ဥပမာ တိုင်းရင်းသား၊ ဘာသာရေး၊ ရွာ၊ စသည်) (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) တစ်စုံတစ်ဦးနှင့် ထိတွေ့ဆက်ဆံနိုင်သည့် အခွင့်အရေးများ ပိုမို ရရှိလာသည်ဟု ပြောပြသော ဦးတည်ဒေသများရှိ စီမံချက်၏ အကျိုးခံစားခွင့်ရှိသူ အရေအတွက် (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)
- စီမံချက်လုပ်ငန်းများသည် ဦးတည်ဒေသများရှိ လူမှုအသိုင်းအဝိုင်းများကြား ယုံကြည်မှုများကို တိုးပွားလာစေရန် အထောက်အကူပြုသည်ဟု ရှုမြင်သော စီမံချက်၏ အကျိုးခံစားခွင့်ရှိသူ % (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

- စီမံချက်အခြေပြုကာ အပြန်အလှန်ထိတွေ့ဆက်သွယ်ဆောင်ရွက်မှုများကြောင့် မတူညီသောအုပ်စုတစ်စု (ဥပမာ တိုင်းရင်းသား၊ ဘာသာရေး၊ ရွာ၊ စသည်) (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) အပေါ် ကောင်းမွန်သော သဘောထားအမြင်များ ရှိလာသည်ဟု ဆိုသော စီမံချက်၏ အကျိုးခံစားခွင့်ရှိသူ အရေအတွက် (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

- စီမံချက်ဦးတည်ဒေသများတွင် အစိုးရအဖွဲ့အစည်းများ/ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ/ CSO များ/ CBO များ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) နှင့် ထိတွေ့ဆက်သွယ်မှု/ ဆက်ဆံရေး/ ယုံကြည်မှုကို တိုးတက်အောင် စီမံချက်မှ အထောက် အကူပြုသည်ဟု ရှုမြင်သော စီမံချက်၏ အကျိုးခံစား ခွင့်ရှိသူ % (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)

- စီမံချက်အကောင်အထည်မဖော်မီ၊ ဖော်နေစဉ်နှင့် ဖော်ပြီးနောက်တွင် မတူညီသောအုပ်စုများကြား (ဥပမာ လူမှုအသိုင်းအဝိုင်းများကြား၊ လူမှုအသိုင်းအဝိုင်းများနှင့် အာဏာပိုင်များကြား၊ အာဏာပိုင်များနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းကြား၊ စသည်) (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) ယုံကြည်မှု အတိုင်းအတာ ပြောင်းလဲမှုများ (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)

- စီမံချက်ကြောင့် အစိုးရအဖွဲ့အစည်းများ/ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ/ CSO များ/CBO များ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) နှင့် ထိတွေ့ဆက်ဆံနိုင်သည့် အခွင့်အလမ်းများ ပိုမို ရရှိလာသည်ဟု ပြောပြသော ဦးတည်ဒေသများရှိ စီမံချက်နှင့် ဆက်စပ်ပတ်သက်သူများ % (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

- စီမံချက်ကြောင့် အစိုးရအဖွဲ့အစည်းများ/ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ/ CSO များ/CBO များ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) ကြား ထိတွေ့ဆက်သွယ်မှု/ဆက်ဆံရေး/ယုံကြည်မှု (သင့်လျော် သလို တစ်ခု သို့မဟုတ် ထို့ထက်ပို၍ ရွေးချယ် ရန်) ကို တိုးတက်အောင် စီမံချက်မှ အထောက်အကူပြုသည်ဟု ရှုမြင်သော စီမံချက်၏ ဆက်စပ်ပတ်သက်သူ % (အချက်အလက်များ ကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

### ဆက်သွယ်ရေးနှင့် ထိတွေ့ဆက်ဆံရေး

- ဦးတည်ဒေသများရှိ အကျိုးခံစားခွင့်ရှိသူများ၊ အကျိုးခံစားခွင့်ရှိသူ မဟုတ်သူများ၊ ပါဝင်ဆက်စပ်ပတ်သက် သူများနှင့် မိတ်ဖက်များအတွက် သတင်းအချက်အလက်မျှဝေမှုနှင့် ဆက်သွယ်ရေးတို့အတွက် စီမံချက် နည်းဗျူဟာများ (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြား ကောက်ယူရန်)

- စီမံချက်အကြောင်းရှင်းလင်းတင်ပြရန် ထုတ်ဝေထားသော အထောက်အကူပစ္စည်း အရေအတွက်

- စီမံချက်ဆက်သွယ်ရေးအထောက်အကူပစ္စည်းများကို ဒေသခံဘာသာစကားများဖြင့် ထုတ်ဝေထားမှု

- မီဒီယာမှ စီမံချက်အကြောင်း အပြုသဘောဆောင်သည့် သတင်းဖော်ပြချက်များ

### စီမံချက်လည်ပတ်ပုံ (ဝန်ထမ်းများ၊ ဝယ်ယူမှု၊ သယ်ယူထောက်ပံ့ပို့ဆောင်မှု၊ စသည်)

- စီမံချက်၏ အန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်လေ့လာချက်ကို ဆောင်ရွက်ခြင်း

- စီမံချက်၏ အန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်လေ့လာချက်ကို ပုံမှန် ဆက်လက်ဆောင်ရွက်သွားခြင်း

- စီမံချက်အကောင်အထည်ဖော်နေသည့်ဒေသအတွင်းရှိလုံခြုံရေးအန္တရာယ်အဆင့် (နည်းပါး၊ အသင့်အတင့်သို့မဟုတ်မြင့်မား)

- လစဉ် လုံခြုံရေးအခြေအနေကြောင့် စီမံချက်ဝန်ထမ်းများ ခရီးသွားလာ၍မရသော အကြိမ် အရေအတွက်

- နေ့စဉ် စီမံချက်ဝန်ထမ်းများ ဖြတ်သန်းသွားလာနေရသည့် စစ်ဆေးရေးဂိတ် သို့မဟုတ် အခြားအတား အဆီးများ အရေအတွက်

- လူမျိုးစု/ဒေသ/ကျားမအလိုက် (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) ခွဲခြားထားသော စီမံချက် ဝန်ထမ်းများ % (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)

- စီမံချက်မှ ခန့်ထားသော ဒေသခံစီမံချက်ဝန်ထမ်း အရေအတွက် (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

- လူမျိုးစု/ဒေသ/ကျားမအလိုက် (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) ခွဲခြားထားသော စီမံခန့်ခွဲမှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှု ရာထူးတာဝန်များ ထမ်းဆောင်နေသော ဝန်ထမ်း % နှင့် အရေအတွက် (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)

- စီမံချက်ဝန်ထမ်းခေါ်ယူခန့်ထားမှုနှင့် ပစ္စည်းဝယ်ယူမှုဆိုင်ရာ သတင်းအချက်အလက်များကို အသုံးပြု နေသော ဒေသခံဘာသာစကားများဖြင့် မျှဝေပေးခြင်း

- ပဋိပက္ခကိုသတိပြုနားလည်မှုအကြောင်း လေ့ကျင့်သင်တန်းပေးထားသော ဝန်ထမ်း အရေအတွက် (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြား ကောက်ယူရန်)

- ပဋိပက္ခကိုသတိပြုနားလည်မှုဆိုင်ရာ စောင့်ကြည့်လေ့လာမှုနှင့် ပြန်လည်သုံးသပ်အကဲဖြတ်မှုအကြောင်း လေ့ကျင့်သင်တန်းပေးထားသော ဝန်ထမ်း အရေအတွက် (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြား ကောက်ယူရန်)

- စီမံချက်ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်အကဲဖြတ်မှုများတွင် ပဋိပက္ခကိုသတိပြုနားလည်မှုအား ထည့်သွင်း အကဲဖြတ်ခြင်း

- ပဋိပက္ခကိုသတိပြုနားလည်မှုအကြောင်း သင်တန်းရထားသော ဝန်ထမ်းများထဲမှ စီမံချက်အကောင်အထည် ဖော်နေစဉ်အတွင်း ၎င်းတို့၏ အသိပညာဗဟုသုတများကို လက်တွေ့အသုံးချခဲ့သည်ဟု ပြောပြသော ဝန်ထမ်း % (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြား ကောက်ယူရန်)

- စီမံချက်မိတ်ဖက်များ၊ ကန်ထရိုက်တာများ၊ အတိုင်ပင်ခံအရာရှိများနှင့် ထောက်ပံ့ကြေးပေးမည့်သူများကို ရွေးချယ်သတ်မှတ်ရာတွင် ပဋိပက္ခကိုသတိပြုနားလည်သော သတ်မှတ်ချက်များကို အသုံးပြုခြင်း (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)

အခြေအနေညွှန်ကိန်းများ (စီမံချက်နှင့် တိုက်ရိုက်ဆက်စပ်နေသော ပတ်ဝန်းကျင် နှင့်/သို့မဟုတ် ပိုမိုကျယ်ပြန့်သော ပတ်ဝန်းကျင်)

ငြိမ်းချမ်းရေး၊ ပဋိပက္ခ၊ အကြမ်းဖက်မှု၊ လုံခြုံရေး၊ ပဋိပက္ခ၏ သက်ရောက်မှုများ

- အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (များ) ရှိနေခြင်း

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပလျက်ရှိခြင်း
- တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပေါ် ယုံကြည်မှုအတိုင်းအတာ (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်သည်ဟု ယုံကြည်သော နိုင်ငံအဆင့်/တိုင်းဒေသကြီး/ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့် သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူများ % (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)
- နိုင်ငံအဆင့်/တိုင်းဒေသကြီး/ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) အကြမ်းဖက်မှု စောင့်ကြည့်လေ့လာရေးယန္တရားများ
- နိုင်ငံအဆင့်/တိုင်းဒေသကြီး/ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) အငြင်းပွားမှုများ ငြိမ်းချမ်းစွာ ဖြေရှင်းရေး ယန္တရားများ
- နိုင်ငံအဆင့်/တိုင်းဒေသကြီး/ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) ရှိ လုံခြုံရေးနှင့် သက်ဆိုင်သော လူတစ်ဦးချင်းစီ၏ သဘောထားအမြင်များ (အချက်အလက် များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)
- နိုင်ငံအဆင့်/တိုင်းဒေသကြီး/ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) ရှိ လုံခြုံရေးနှင့် သက်ဆိုင်သော လူမှုအသိုင်းအဝိုင်း၏ သဘောထားအမြင်များ (အချက်အလက် များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)
- ဦးတည်ဒေသများရှိ နိုင်ငံအဆင့်/တိုင်းဒေသကြီး/ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ လုံခြုံရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို စိတ်ကျေနပ်မှုရှိကြောင်း ပြောပြသော နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူများ % (ဤနေရာတွင် အဆင့်တစ်ဆင့်မှ အဖွဲ့အစည်းများနှင့် တူညီသောအဆင့်မှ လူများကို မေးမြန်းတိုင်းတာ ရပါမည်)
- နိုင်ငံအဆင့်/တိုင်းဒေသကြီး/ပြည်နယ်အဆင့်/ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) သေဆုံးမှုများကို ဖြစ်စေသော အကြမ်းဖက်မှုများ ဖြစ်ပွားမှု
- နိုင်ငံအဆင့်/တိုင်းဒေသကြီး/ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြုအကြမ်းဖက်မှု ဖြစ်ရပ်များ၊ အဆင့်တစ်ခုစီရှိ အန္တရာယ် ကျရောက်လွယ်သော စုစုပေါင်းလူဦးရေ၏ အချိုးအစားဖြင့် ဖော်ပြရန်။
- နိုင်ငံအဆင့်/တိုင်းဒေသကြီး/ပြည်နယ်အဆင့်/ ဦးတည်ဒေသများတွင် (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) အကြမ်းဖက်မှုများကို ဖြစ်စေသော အုပ်စုများကြားမှ ပဋိပက္ခများ အရေအတွက် နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) IDP များ/ ဒုက္ခသည်များ (ရှိလျှင်) အရေအတွက်၊ အဆင့်တစ်ခုစီရှိ အန္တရာယ်ကျရောက် လွယ်သော စုစုပေါင်းလူဦးရေ၏ အချိုးအစားအဖြစ် ဖော်ပြရန်။
- ညဘက်တွင် မိမိတို့၏ ရပ်ရွာများထဲ သွားလာရသည်မှာ လုံခြုံမှုရှိသည်ဟု ခံစားရကြောင်း ပြောပြသော နိုင်ငံအဆင့်/

တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူပုဂ္ဂိုလ် % (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)

- ညဘက်တွင် မိမိတို့၏ ရပ်ရွာပြင်ပ (သို့မဟုတ် ရပ်ရွာ x သို့) သွားလာရသည်မှာ လုံခြုံမှုရှိသည်ဟု ခံစားရကြောင်း ပြောပြသော နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူပုဂ္ဂိုလ် % (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ အကောင်းမြင်သော နိုင်ငံအဆင့်/ ဒေသန္တရအဆင့် (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့် ရန်) မီဒီယာဆောင်းပါးများ/ သတင်းများ အရေအတွက်

- ငြိမ်းချမ်းရေးတည်ဆောက်မှု၊ မတူကွဲပြားမှုများကို လက်ခံပေးနိုင်မှု၊ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ပါဝင်သောစနစ်၊ အကြမ်းမဖက်သော ပဋိပက္ခဖြေရှင်းမှုများအကြောင်း ထောက်ခံတင်ပြထားသော နိုင်ငံအဆင့်/ ဒေသန္တရအဆင့် မီဒီယာဆောင်းပါးများ/ သတင်းများ အရေအတွက်

### သာတူညီမျှမှု၊ အဆင်ပြေသာယာမှု၊ ရပိုင်ခွင့်များနှင့် ကာကွယ်စောင့်ရှောက်မှု

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) ဆင်းရဲမှုနှုန်းများ

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) ဝင်ငွေမညီမျှမှုများ

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) အလုပ်အကိုင်ရှိမှု နှုန်း/အလုပ်လက်မဲ့နှုန်းများ

- အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး/ လျှပ်စစ်/ရေ/ ကျန်းမာရေးဝန်ဆောင်မှုများ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) ကို လက်လှမ်းမီအသုံးပြုနိုင်သော နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူဦးရေ၊ အဆင့်တိုင်းရှိ စုစုပေါင်းလူဦးရေ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဖော်ပြရန်။

- ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည် ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) ရှိ လူထု၏ စိတ်ကျေနပ်မှုများ

- အုပ်စုများအားလုံးသည် လူမှုစီးပွားအခွင့်အလမ်းများကို တန်းတူညီမျှ ရရှိသည်ဟု ယုံကြည်သော နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူများ အရေအတွက် နှင့် % (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)

- အုပ်စုများအားလုံးသည် ဝန်ဆောင်မှုများကို တန်းတူညီမျှ ရရှိသည်ဟု ယုံကြည်သော နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူများ အရေအတွက် နှင့် % (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)

- ဥပဒေသည် ခွဲခြားဆက်ဆံမှုမရှိဘဲ တန်းတူညီမျှ ကျင့်သုံးမှုရှိသည်ဟု ယူဆသော နိုင်ငံအဆင့်/ တိုင်းဒေသကြီး/

ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူများအရေအတွက်နှင့် % (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)

- ဒေသန္တရအဆင့်အရာရှိများ/ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေသောအရာရှိများ/ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ/ ဖွံ့ဖြိုးမှု အဖွဲ့အစည်းများ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) မှ ၎င်းတို့ကို လေးစားစွာ ဆက်ဆံသည်ဟု ယူဆသော နိုင်ငံ အဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူများ အရေအတွက် နှင့် % (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)
- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူထု၏ ဥပဒေဆိုင်ရာ ရပိုင်ခွင့်များ/ လူ့အခွင့်အရေးများ/ ရှေ့နေမှ လိုက်ပါဆောင်ရွက် ပေးမှုများဆိုင်ရာ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့် ရန်) အသိပညာအဆင့်အတန်း

## ထိတွေ့မှု၊ လူမှုရေးဆက်နွယ်မှုများနှင့် ယုံကြည်မှု

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) အုပ်စုအမျိုးမျိုး (သို့မဟုတ် အုပ်စု x နှင့် အုပ်စု y) ပူးတွဲပါဝင်ဆောင်ရွက်သော လုပ်ဆောင်ချက်များ အရေအတွက်
- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) ရှိ အခြားအုပ်စု တစ်စုမှ တစ်စုံတစ်ဦးနှင့် ထိတွေ့ဆက်ဆံမှု ကြိမ်နှုန်း (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)
- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူများ၏ 'အခြား' အုပ်စုတစ်စုအပေါ် ကြောက်ရွံ့မှု/ စာနာမှု/ ဒေါသထွက်မှု/ လေးစားမှု (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) ခံစားရသော အတိုင်းအတာ (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)
- ဦးတည်ဒေသများရှိ ရပ်ရွာ y မှ လူများသို့ မြေငှားရမ်းထားသော ရပ်ရွာ x မှ လူများ (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)
- ဦးတည်ဒေသများတွင် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို တစ်ဦးထံမှ တစ်ဦး ဝယ်ယူသော ရပ်ရွာ x နှင့် ရပ်ရွာ y မှ လူများ (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)
- ဦးတည်ဒေသများတွင် ရပ်ရွာ x နှင့် y မှ ကိုယ်စားလှယ်များကြား ကျင်းပသော အစည်းအဝေးများ အရေအတွက်
- ဦးတည်ဒေသများတွင် ရပ်ရွာ x နှင့် y မှ လူများ ပူးတွဲဆောင်ရွက်သော လူမှုစီးပွားဆောင်ရွက်ချက်များ အရေအတွက်
- ရပ်ရွာ y မှ လူများသည် ကူညီတတ်သည်ဟု ရပ်ရွာ x မှ လူများက ယူဆသောအတိုင်းအတာ (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)
- ရပ်ရွာ y မှ လူများသည် ယုံကြည်ထိုက်သည်ဟု ရပ်ရွာ x မှ လူများက ယူဆသောအတိုင်းအတာ (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

### မည်သူမည်ဝါဟူသည်ကို သတ်မှတ်ပေးသည့် လက္ခဏာ (Identity)

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူများကို ၎င်းတို့၏ နိုင်ငံသားဖြစ်မှု/ တိုင်းရင်းသားလူမျိုးစု/ ကိုးကွယ်သည့်ဘာသာ/ ဘာသာစကား/ လူတန်းစားအလွှာ (သင့်သလို ရွေးချယ် ဖြည့်စွက် သို့မဟုတ် ဦးစားပေးသတ်မှတ်ရန်) အလိုက် အသိအမှတ်ပြု သတ်မှတ်ဖော်ပြသည့် အတိုင်းအတာ (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူများသည် ၎င်းတို့၏ မိသားစု/ မိတ်ဆွေသူငယ်ချင်းများ/ မြို့နယ်/ ပြည်နယ်/ နိုင်ငံ/တိုင်းရင်းသားလူမျိုးစု/ ဘာသာရေးအုပ်စု/ ဘာသာစကားတူသူ အုပ်စု/အသက်အရွယ်တူအုပ်စု (သင့်သလို ရွေးချယ်၊ ဖြည့်စွက် သို့မဟုတ် ဦးစားပေးသတ်မှတ်ရန်) ၏ သက်သာချောင်ချိရေးအတွက် စိုးရိမ်ပူပန်ရသည့် အတိုင်းအတာ

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူများသည် ၎င်းတို့၏ ရပိုင်ခွင့်များ (တိုင်းရင်းသား/ဘာသာစကား/ဘာသာရေး/ အသက်အရွယ်/ကျား/မ) (သင့်သလို ရွေးချယ်၊ ဖြည့်စွက် သို့မဟုတ် ဦးစားပေးသတ်မှတ်ရန်) ကို ကာကွယ်စောင့်ရှောက်ပေးထားသည်ဟု ခံစားရသည့်အတိုင်းအတာ (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

### အားလုံးပါဝင်နိုင်သော အဖွဲ့အစည်းများ၊ ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှု

- အဖွဲ့အစည်းများတွင် ရွေးကောက်တင်မြှောက်ခံထားရသော သို့မဟုတ် ခန့်အပ်ထားသော အရာရှိများသည် နိုင်ငံအဆင့်/ တိုင်းဒေသ ကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူဦးရေတစ်ရပ်လုံးကို ကိုယ်စားပြုသည့် အတိုင်းအတာ

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူများသည် အဖွဲ့အစည်းများ၏ ကိုယ်စားပြုနိုင်မှု/အားလုံးပါဝင်ဆောင်ရွက်နိုင်မှုကို စိတ်ကျေနပ်မှုအတိုင်းအတာ (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) ရှိ ဆုံးဖြတ်ချက်ချမှတ်မှုများတွင် အရပ်ဘက်လူမှုအဖွဲ့အစည်း၏ ပါဝင်ဆောင်ရွက်မှု အတိုင်း အတာ

- ဦးတည်ဒေသများရှိ လူများ၏ အစိုးရ/ EAO/ လွှတ်တော်/ တရားစီရင်ရေးစနစ်/ လက်နက်ကိုင်တပ်ဖွဲ့များ/ ရဲ/ မီဒီယာ/ ဖွံ့ဖြိုးမှုအဖွဲ့ အစည်းများ/ အလှူရှင်များ (သင့်သလို ရွေးချယ်၊ ဖြည့်စွက် သို့မဟုတ် ဦးစားပေးသတ်မှတ်ရန်) အပေါ် ယုံကြည်မှုအတိုင်းအတာ

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို သိရှိသော လူ % (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူများမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်း သတင်းအချက်အလက်များ လုံလောက်စွာ ရရှိသည်ဟု ခံစားရသည့်အတိုင်းအတာ (အချက် အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) တွင်

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် လူထုတိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရန် ယန္တရားများ ရှိနေမှု

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တိုင်ပင်ဆွေးနွေးခံရသော နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူမှုအသိုင်းအဝိုင်းများ အရေအတွက် (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တိုင်ပင်ဆွေးနွေးခံရသည်ဟု ခံစားရသည့် အတိုင်းအတာ (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ တိုးတက်မှု သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပဋိပက္ခဖြေရှင်းမှု လုပ်ငန်းစဉ်များ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) အပေါ် စိတ်ကျေနပ်မှုရှိသော ဦးတည်ဒေသ များရှိ လူ % (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြား ကောက်ယူရန်)

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ် သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပဋိပက္ခဖြေရှင်းမှုလုပ်ငန်းစဉ်များသည် ၎င်းတို့၏ လိုအပ်ချက်များ နှင့် အရေးကိစ္စများကို ဖြေရှင်းပေးနိုင်သည်ဟု ယုံကြည်သော ဦးတည်ဒေသများရှိ လူ % (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြား ကောက်ယူရန်)

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူများမှ ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်း သတင်းအချက်အလက်များ လုံလောက်စွာ ရရှိသည်ဟု ခံစားရသည့်အတိုင်းအတာ

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများရှိ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) လူများမှ ၎င်းတို့သည် ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းများမှ သာတူညီမျှ အကျိုးကျေးဇူး ရရှိသည်ဟု ခံစားရသည့်အတိုင်းအတာ

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) တွင် ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လူထုတိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရန် ယန္တရားများ ရှိနေမှု

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) တွင် ဒေသန္တရ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် တိုင်ပင်ဆွေးနွေးခဲ့သည် လူမှုအသိုင်းအဝိုင်း အရေအတွက် (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြားကောက်ယူရန်)
- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) တွင် ဒေသန္တရ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တိုင်ပင်ဆွေးနွေးခြင်းခံရသည်ဟု လူများမှ ခံစားရသည့်အတိုင်းအတာ (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) တွင် ရွေးကောက်ပွဲ၌ ပါဝင်မဲပေးမှု

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) တွင် နောက်ဆုံး ကျင်းပခဲ့သည့် နိုင်ငံအဆင့်ရွေးကောက်ပွဲများတွင် မဲပေးခဲ့သည့် လူ %ကို အဆင့်တစ်ခုချင်းစီရှိ စုစုပေါင်းလူဦးရေ၏ အချိုးအစားအဖြစ် ဖော်ပြရန်။ (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) တွင် နောက်ဆုံး ကျင်းပခဲ့သည့် ဒေသန္တရအဆင့်ရွေးကောက်ပွဲများတွင် မဲပေးခဲ့သည့် လူ %ကို အဆင့်တစ်ခုချင်းစီရှိ စုစုပေါင်းလူဦးရေ၏ အချိုးအစား အဖြစ် ဖော်ပြရန်။ (အချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူရန်)

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) ရှိ လူများသည် လွှတ်တော်တွင် ကိုယ်စားပြုခြင်း ခံစားရသည်ဟု ခံစားရသော အတိုင်းအတာ (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြား ကောက်ယူရန်)

- နိုင်ငံအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်/ ဦးတည်ဒေသများ (သင့်သလို ရွေးချယ် သို့မဟုတ် ထပ်ဖြည့်ရန်) ရှိ လူများသည် ဒေသန္တရအစိုးရတွင် ကိုယ်စားပြုခြင်း ခံစားရသည်ဟု ခံစားရသော အတိုင်းအတာ (အချက်အလက်များကို အုပ်စု အလိုက် ခွဲခြား ကောက်ယူရန်)

- ၎င်းတို့ ရပ်ရွာလူမှုအသိုင်းအဝိုင်းအတွက် ဝန်ဆောင်ပေးနေသော အနိမ့်ဆုံးအဆင့်ရှိအစိုးရအရာရှိ၏ အမည်ကို ပြောပြနိုင်သော ဦးတည် ဒေသများရှိ လူများ %

- ၎င်းတို့၏ မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်၏ အမည်ကို ပြောပြနိုင်သော လူ %

- အစိုးရအဖွဲ့တွင်းရှိ ရာထူးအမြင့်ဆုံးသောရွေးကောက်တင်မြှောက်ခံအရာရှိ၏အမည်ကို ပြောပြနိုင်သော ဦးတည်ဒေသများရှိ လူများ %

– အောက်ပါညွှန်ကိန်းများအတွက် အချက်အလက်ကောက်ခံမှုများတွင် ကျား/မ၊ တိုင်းရင်းသားလူမျိုးစု၊ ကိုးကွယ်သည့် ဘာသာ၊ သာသာစကား၊ နေရာဒေသ၊ လူမှုစီးပွားအုပ်စု၊ အသက်အရွယ်၊ စသည့် အုပ်စုများအလိုက် စီမံချက်နှင့် ဦးတည်ဒေသပေါ် မူတည်ကာ တတ်နိုင်သမျှ သီးခြားစီခွဲကာ ကောက်ယူသင့်ပါသည်။ အဖွဲ့အစည်းများသည် အုပ်စုများ အလိုက် အချက်အလက်များကို ခွဲခြားကောက်ယူသောအခါတွင် အကဲဆတ်မှုများကိုသာမက ထိုအုပ်စုများ အတွက် ကျရောက်နိုင်ခြေရှိသော အန္တရာယ်များကိုပါ သိရှိသတိပြုသင့်ပါသည်။

– 'အဆင့်' နှင့် 'အတိုင်းအတာ' အတွက် အချက်အလက်များကောက်ယူမှုအား ရွေးချယ်နိုင်သည့်အဖြေအမျိုးမျိုးကို ပေးကာ ရွေးချယ်ခိုင်းသည့်နည်းဖြင့် ကောက်ယူစုဆောင်းနိုင်ပါသည်။ (ဥပမာ – လုံး၀၊ အနည်းငယ်၊ အတိုင်းအတာတစ်ခု အထိ၊ အတိုင်းအတာကြီးမားစွာ)။

– ကြိမ်နှုန်းညွှန်ကိန်းများအတွက် အချက်အလက်များကောက်ယူရာတွင် နံပါတ်အရေအတွက်များပေးကာ ရွေးချယ်ခိုင်း သည့်နည်းဖြင့် ကောက်ယူစုဆောင်းနိုင်ပါသည် (ဥပမာ ၀၊ ၁–၅ကြား၊ ၅–၁၀ ကြား၊ ၁၀ အထက်)။

Empowered lives.
Resilient nations.

United Nations Development Programme Myanmar
6 Natmauk Road
Tamwe Township
Yangon 1121
Myanmar